# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 27 October 2023 ၁၁၂၆၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းလျက်ရှိပြီး တိုင်းပြည်ကောင်းအောင် ကြိုးပမ်းဆောင်ရွက်နေ

## နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို ယခုထက်ပိုမိုကောင်းမွန်စေလိုလျှင် ပိုမိုပူးပေါင်းဆောင်ရွက်သင့်

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၅/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



**ယနေ့ ဖတ်စရာ**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၂၃ တွဲရောင်းချနိုင်ခဲ့ စာမျက်နှာ » ၆

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက သီတင်းကျွတ် ပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲပေးသွားမည် စာမျက်နှာ » ၁၁

ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား)မြေအောက်လမ်းကူးလူသွားဥမင် အဆောက်အအုံ ရတနာပန္နက်တော်တင် မင်္ဂလာပြုလုပ် စာမျက်နှာ » ၁၆

# ကြေးမုံ

## နိုင်ငံ့စီးပွားဦးမော့ရေး အခြေခံစီးပွားမြှင့်တင်

အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသော အခြေခံကျသည့်လုပ်ငန်းများဖြစ်သည်။ နိုင်ငံများသည် MSME လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပြီး စီးပွားရေးဦးမော့လာကြသည်။ ထို့ကြောင့် အဓိကကျသည့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအနက် MSME လုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော် အများစုဖြစ်သဖြင့် တစ်နိုင်ငံလုံးရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်ပေးလျက်ရှိသည်။ MSME အေဂျင်စီများနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများအဖြစ် ဒေသအလိုက် MSME လုပ်ငန်းများမှ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ MSME လုပ်ငန်း ၃၆ ခုမှ အမှာစာကုန်ကြမ်း ပစ္စည်းအမျိုးပေါင်း ၃၃ မျိုးကို ထုတ်ကုန်ပစ္စည်းဈေးကွက်သို့ ချိတ်ဆက်ပေးနိုင်ခဲ့သည်။

ယင်းတို့ကို နမူနာယူ၍ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်ရရှိရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအထိ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သည်။ နိုင်ငံတကာဈေးကွက်ရရှိပြီး ပြည်ပပို့ကုန်အဖြစ် တင်ပို့နေသည့် ပစ္စည်းအမည်များအပြင် အမည်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ပြည်တွင်းသွင်းကုန် အစားထိုးနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအချင်းချင်း ဒေသလိုအပ်ချက်များ၊ ဒေသတွင်းစားသုံးသူများ၏ လိုအပ်ချက်များ စသည်တို့ကို အပြန်အလှန်ဖြည့်ဆည်းနိုင်ရေး ဒေသဆိုင်ရာ အေဂျင်စီများအချင်းချင်း အားပေးထောက်ပံ့သွားရန် လိုအပ်သည်။

တိုင်းပြည်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်ပဈေးကွက်များတွင်လည်း ယှဉ်ပြိုင်ရောင်းဝယ်မှုများ၊ ကုန်သွယ်မှုများ တိုးတက်လာစေရန် စီးပွားရေးဝန်းကျင်ကောင်းများကိုလည်း ဖန်တီးဖော်ဆောင်ပေးရမည်ဖြစ်သည်။ ထို့အပြင် MSME လုပ်ငန်းအသစ်များ စတင်ထူထောင်နိုင်ရန်နှင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အတတ်နိုင်ဆုံး နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့က ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ ရန်ပုံငွေထောက်ပံ့မှု ဘီလီယံ ၁၇၀ လျာထားခဲ့သည်။

တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်း၊ နိုင်ငံ၏ပို့ကုန်ဝင်ငွေ တိုးတက်စေသည့်လုပ်ငန်း၊ လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများ ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ်ကျရောက်မှုမှ ကင်းဝေးစေရန် ဆောင်ရွက်မည့်လုပ်ငန်း၊ စွမ်းအင်ချွေတာရေးလုပ်ငန်း၊ ပြည်သူအများစု အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့်လုပ်ငန်း၊ သွင်းကုန်အစားထိုးလုပ်ငန်း၊ ဒေသထွက်ကုန်ကြမ်းကို အခြေခံသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်သည့်လုပ်ငန်း စသည့်လုပ်ငန်းနယ်ပယ်(၈)ရပ်အပေါ်အခြေခံပြီး ချေးငွေများထုတ်ချေးနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် လိုအပ်သည့်အရင်းအနှီးများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုတို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၁၅၂ ဘီလီယံအား နိုင်ငံတော်အကြီးအကဲက ခွင့်ပြုပေးထားသည်။ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်ရရှိစေရန် ရည်ရွယ်ချက်(၃)ရပ်အတိုင်း MSME လုပ်ငန်း အားပေးမြှင့်တင်ရေး အစီအစဉ်များနှင့်ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံခြားသုံးငွေ လျှော့ချနိုင်ခြင်းနှင့် ပို့ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ပြီး နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာခြင်း စသည့်အကျိုးများ ရရှိနိုင်မည်ဖြစ်သည်။

ရည်ရွယ်ချက်(၃)ရပ်နှင့်အညီ MSME လုပ်ငန်းများ အားပေးမြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် သေချာသည့်ကုန်ကြမ်း၊ လိုအပ်သည့်သွင်းအားစု၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံအုတ်မြစ်သဖွယ် အလေးထားပြီး စီမံပံ့ပိုးပေးသွားရန် နိုင်ငံတော်က လမ်းညွှန်ထားသည်။ မည်မျှပင် ဖြည့်ဆည်းဆောင်ရွက်ပေးသော်လည်း လူ့စွမ်းအားအရင်းအမြစ် အားနည်းနေပါက အရှိန်အဟုန်ဖြင့် အောင်မြင်ရန်ခက်ခဲနေမည်ဖြစ်ရာ အမှန်တကယ်လိုအပ်သည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးခြင်းနှင့် ခေတ်နှင့်အညီ လိုအပ်လာသည့် ကျွမ်းကျင်တတ်မြောက်မှု ရရှိလာစေရန် သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ် မွေးထုတ်ပေးနေရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်ရရှိစေရန်ဟူသည့် ရည်ရွယ်ချက် (၃)ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံကျသည့် MSME လုပ်ငန်းများကို အားပေးမြှင့်တင် ပံ့ပိုးကူညီဆောင်ရွက်ပေးပြီး နိုင်ငံ့စီးပွားရေး ဦးမော့လာအောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လွိုင်လင်မြို့နယ် ခေါက်ဝိုးကျေးရွာ၌ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**လွိုင်လင် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ခေါက်ဝိုးကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းမှ ဘိန်းစိုက်ပျိုးသည့်မြို့နယ်များတွင် အစားထိုးအသေးစား ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးရေး စားသောက်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွဋ်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလင်းထင်က သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းထွက် ကုန်ချောပစ္စည်းများနှင့် သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၆ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၃၄၀ | ၃,၀၂၆,၀၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၈၈၂ | ၂,၆၀၂,၁၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၅၅၅ | ၉၄၃,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၅၀ | ၁၃၅,၀၀၀ |
| EFR | ၂,၀၅၀ | ၂,၁၀၀ | ၁,၃၂၆ | ၂,၇၃၄,၆၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၉၀ | ၁၅၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# NCA ၌ နှစ်ဖက်စလုံးအတွက် လိုအပ်ချက်များရှိနေသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်အကြား လိုလားချက်များကို ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် ဆောင်ရွက်ကြမည်ဟု ကောင်းမွန်သည့်စိတ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်

❂ ရှေ့ဖုံးမှ

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်နေ့တွင် နိုင်ငံရေးအနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ဝ ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံရေးအနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ဝ ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် NCA နှစ်ပတ်လည်မိန့်ခွန်း ပြောကြားရာတွင် နိုင်ငံတော်အတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို သုံးသပ်၍ အဓိပ္ပာယ်ပြည့်ဝပြည့်စုံစွာ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း။

EAO များအား NCA စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း၊ စတင်ဖိတ်ခေါ်၍ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေးစားလိုက်နာရန် ပြောကြားခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်ရေး စတင်ဆွေးနွေးချိန်တွင် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ NCA စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် EAO အဖွဲ့များပါဝင်သည့် ပထမဦးဆုံး အစည်းအဝေးကို ကချင်ပြည်နယ် လိုင်ဇာ၌ ကျင်းပခဲ့ကြောင်း၊ ထို့နောက် ကရင်ပြည်နယ် လော်ခီးလာ၌ ကျင်းပခဲ့ကြောင်း၊ ထိုသို့ အစည်းအဝေးများ၊ တွေ့ဆုံမှုများ အကြိမ်များစွာပြုလုပ်ပြီးမှ ငြိမ်းချမ်းရေး ဦးဆောင်ဖော်ဆောင်သူများ၊ တပ်မတော် ကိုယ်စားလှယ်အဖွဲ့များ၊ အရပ်ဘက်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းပြီးချိန်တွင် NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA စာချုပ်သည် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကိုယ်တိုင် ပြည်တွင်း၊ ပြည်ပ သက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု၍ နိုင်ငံတော်မှ အာမခံချက်ပေးထားသည့် ခိုင်မာသော စာချုပ်တစ်ခုဖြစ်ကြောင်း၊ NCA ၌ နှစ်ဖက်စလုံးအတွက် လိုအပ်ချက်များရှိနေသော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် နိုင်ငံတော်အကြား လိုလားချက်များကို ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် ဆောင်ရွက်ကြမည်ဟု ကောင်းမွန်သည့် စိတ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ NCA သဘောတူစာချုပ်သည် တိုင်းရင်းသားများ လိုလားချက်များကို အခြေခံပြီး ရေးဆွဲခဲ့သည့်စာချုပ်၊ သဘောတူညီခဲ့သည့် စာချုပ်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ လိုလားချက်များအပေါ် နိုင်ငံတော်က ကတိကဝတ်အနေဖြင့် ပေးထားသည့် စာချုပ်တစ်ခုပင် ဖြစ်ကြောင်း။

**အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက်နေ**

နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အာမခံချက်တစ်ခုဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွှန်ဆောင်ရွက်၍ မရကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသည့် နိုင်ငံရေးပါတီများသာ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုအခြေခံ၍ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များကို နိုင်ငံတကာအနေဖြင့် အသိအမှတ်ပြုခဲ့ကြောင်း၊ ထိုသို့ အသိအမှတ်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တက်လာသည့် အစိုးရကို အသိအမှတ်ပြုခြင်း၊ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ နိုင်ငံရေးပါတီများအနေဖြင့် မိမိထံ လာရောက်တွေ့ဆုံ၍ မဲဆွယ်စည်းရုံးမှုများနှင့် ပတ်သက်ပြီး ညီမျှမှုမရှိသည်ကို အသိပေးပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲ၌ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ဆန္ဒမဲပေးမှုများကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် တိုင်းပြည်အတွက် နိုင်ငံရေး အဆုံးအဖြတ်ပေးသည့် ကိစ္စရပ်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းမှားယွင်းမှုများနှင့် ပတ်သက်၍ တွေ့ရှိချက်များကို သက်ဆိုင်ရာကော်မရှင်ရုံး၊ အစိုးရအဖွဲ့၊ လွှတ်တော်၊ တရားရုံးချုပ်တာဝန်ရှိသူများထံသို့ ဖြေရှင်းပေးရန်အတွက် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့မှု မရှိသည့်အပြင် မဲမသမာမှုများဖြင့် အနိုင်ရရှိလာသည့် အရွေးချယ်ခံ ကိုယ်စားလှယ်များနှင့် လွှတ်တော်ခေါ်ယူရေး ကြိုးပမ်းဆောင်ရွက်လာခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အချို့ပြည်ပနိုင်ငံများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ကျင်းပသည့် ရွေးကောက်ပွဲများကို အသိအမှတ်ပြုခဲ့သော်လည်း မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာ၍ တာဝန်ယူခဲ့ခြင်းအပေါ် အသိအမှတ်ပြုမှုမရှိခဲ့သည်မှာ ရှေ့နောက်မညီသည့် ပြောဆိုမှုနှင့် စံနှုန်းမျိုးကျင့်သုံးခြင်း (Double Standard)များပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းချိန်တွင်လည်း တပ်မတော်မှ အတွေ့အကြုံရှိပြီးဖြစ်သည့် အရာရှိကြီးများနှင့် အရပ်ဘက်မှ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များအလိုက် ကျွမ်းကျင်မှုရှိပြီး အတွေ့အကြုံရှိသူများကို မျှတစွာဖြင့် ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းလျက်ရှိပြီး တိုင်းပြည်ကောင်းအောင်အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အချို့ပြည်ပနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ်တွင် ပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်းနှင့် ဝင်ရောက်စွက်ဖက်မှုများကို ယခင်ကလည်း ပြုလုပ်ခဲ့သကဲ့သို့ ယခုအချိန်အထိလည်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်သမိုင်းသည် **“ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်”**ဆိုသကဲ့သို့ ရှုပ်ထွေးမှုများရှိကြောင်း၊ လွတ်လပ်ရေးမရမီကတည်းက ရှုပ်ထွေးအောင် ကြိုတင်ဆောင်ရွက်မှုများလည်းရှိနိုင်ကြောင်း၊ နိုင်ငံ့လွတ်လပ်ရေးကို ဦးစားပေးစဉ်းစားရချိန်နှင့် အချိန်ကန့်သတ်ချက်များကြောင့် အနာဂတ်ပြည်ထောင်စု နိုင်ငံတော်အရေးနှင့် နိုင်ငံရေးလမ်းစဉ်များကို ထိုအချိန်က အမျိုးသားရေးနှင့် နိုင်ငံရေး ဦးဆောင်နေသည့် ခေါင်းဆောင်များ၏ စိတ်ကြိုက်ချမှတ်နိုင်ခြင်းမရှိခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင်လည်း ၎င်းအတိုင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ဝင်ရောက်စွက်ဖက်မှုများကို အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုမှ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့မှုများရှိကြောင်း၊ မြန်မာနှင့် အမေရိကန်သည် ရန်ဘက်နိုင်ငံများ မဟုတ်ကြောင်း၊ စစ်ဖြစ်ပွားဖူးခြင်းလည်း မရှိကြောင်း၊ ယုတ်စွအဆုံး အရှေ့တောင်အာရှတွင် အမေရိကန်ကျူးကျော်မှုကြောင့် ဖြစ်ပွားခဲ့သော ဗီယက်နမ်စစ်ပွဲ၌ပင် မြန်မာတို့ ပါဝင်ပတ်သက်မှုမရှိခဲ့ကြောင်း၊ သို့သော် ယနေ့ကာလအထိ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ရန်သူသဖွယ် သဘောထားခြင်းမှာ ကြီးမားသော နောက်ခံအကြောင်းရှိကြောင်း၊ အရှေ့တောင်အာရှဒေသတွင် အမေရိကန်ဦးဆောင်သော SEATO အဖွဲ့ကို ၁၉၅၄ ခုနှစ်တွင်ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဒေသအတွင်း ကွန်မြူနစ်စနစ်မပြန့်ပွားရေးပင်ဖြစ်ကြောင်း၊ ၁၉၇၇ ခုနှစ်ဖွန်လမှ ၎င်းအဖွဲ့ကို ဖျက်သိမ်းခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေပါ ပြည်နယ်များခွဲထွက်ခွင့်၊ ၎င်းအပေါ် မူတည်၍ ၁၉၆၁ -၁၉၆၂ ခုနှစ်တွင် ဖြစ်လာသည့်ပြည်နယ်များ၏တောင်းဆိုမှုများကို SEATO ဖြစ်စဉ်နှင့် ဆက်စပ်ကြည့်ပါက မြန်မာ့နိုင်ငံရေး၏ ရှုပ်ထွေးမှုကို သဘောပေါက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ၎င်းတို့ဖြစ်စေချင်သည့်အတိုင်း မဖြစ်သည့်အခါ ယင်းကဲ့သို့မဖြစ်အောင်ကာကွယ်နိုင်သည့် အင်အားစုများကို ရန်ပြုခြင်းမှာ မြင်သာသည့်အကြောင်းအရာပင်ဖြစ်ကြောင်း။

ယခုလက်ရှိအခြေအနေတွင်လည်း အမေရိကန်ဦးဆောင်သော အုပ်စု၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေး (China Containment Policy) ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ၎င်းတို့လိုလားသော အစိုးရ/အုပ်စု အာဏာရရှိရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မရရှိခဲ့ပါက မြန်မာနိုင်ငံ၌ ကဏ္ဍပေါင်းစုံ မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံကိုယ်တိုင်က အကြမ်းဖက်အဖွဲ့များကို ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအမျိုးမျိုးဖြင့် ကူညီနေကြောင်း၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား စသောနိုင်ငံများသည် သမိုင်းအစဉ်အလာအရ ရင်းနှီးသော မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ သို့သော် အမေရိကန်၏ ဩဇာလွှမ်းမိုးမှုကို မလွန်ဆန်နိုင်သော နိုင်ငံများက မိမိတို့နိုင်ငံအပေါ် ကုန်သွယ်မှု၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေး ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့သည် ဘဏ်စနစ်တစ်ခုဖြင့်သာ ရှင်သန်ရပ်တည်ကုန်သွယ်နေသည့် နိုင်ငံမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းမိတ်ဆွေ နိုင်ငံများနှင့် လက်တွဲဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုကိစ္စများ၌ ငွေကြေးစနစ်တစ်ခုတည်းပေါ်တွင်သာ မှီခိုအားထားမှုမပြုဘဲ ငွေကြေးစနစ်အမျိုးမျိုးဖြင့် အသုံးပြုနိုင်မှုအပေါ် နိုင်ငံတကာက အလေးထားလာသကဲ့သို့ မိမိတို့လည်း ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ၎င်းကိစ္စများကို သိရှိထားပြီး အရှည်မြော်တွေး၍ ချင့်ချိန်ဆောင်ရွက်သွားရန် လိုကြောင်း။

**စာမျက်နှာ ၄ သို့ »»**

☆ **နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အာမခံချက်တစ်ခုဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွှန်ဆောင်ရွက်၍မရ**

☆ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသည့် နိုင်ငံရေးပါတီများသာ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်**

☆ **အချို့ ပြည်ပနိုင်ငံများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ကျင်းပသည့် ရွေးကောက်ပွဲများကို အသိအမှတ်ပြုခဲ့သော်လည်း မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူခဲ့ခြင်းအပေါ် အသိအမှတ်ပြုမှု မရှိခဲ့သည်မှာ ရှေ့နောက်မညီသည့် ပြောဆိုမှုနှင့် စံနှုန်းမျိုးကျင့်သုံးခြင်း (Double Standard)များပင်ဖြစ်**

»»» စာမျက်နှာ ၃ မှ

မိမိတို့နိုင်ငံသည် နိုင်ငံရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ သတိထားဆောင်ရွက်ရသည့် နိုင်ငံတစ်ခုဖြစ်သည်ကို သမိုင်းတွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် အတွေ့အကြုံရှိပြီးသူများဖြစ်သဖြင့် နိုင်ငံရေး အခြေအနေ အရပ်ရပ်ကို သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ချမှတ်ထားသည့် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်**

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး ရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ထားကြောင်း၊ NCA နှင့်ပတ်သက်၍ ပိုမိုခိုင်မာအောင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ထဲတွင် ထည့်သွင်းထားကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်းအရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းထားပြီး ပါတီစုံဒီမိုကရေစီစနစ်အတွက် တိုင်းသိပြည်သိ အာမခံထားပါကြောင်း။

နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို ယခုထက်ပိုမိုကောင်းမွန်စေလိုလျှင် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်အားပေးနေခြင်းသည် ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးသွားနိုင်ကြောင်း။

**မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကို ချစ်သည့်စိတ်များ ရှိရန်လို**

မကြာမီအချိန်က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မိမိအနေဖြင့် တက်ရောက်အားပေးခဲ့ကြောင်း၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရန်၊ တိုင်းပြည်ကိုချစ်သည့်စိတ်များရှိရန်လိုပါကြောင်း၊ ယဉ်ကျေးမှုရှိမှသာ တိုင်းပြည်ချစ်စိတ်များ နိုးကြားလာမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာမှုယဉ်ကျေးမှုများကိုသာမက တိုင်းရင်းသားယဉ်ကျေးမှု အဆို၊ အက၊ အတီးများကိုလည်း အားပေးဆောင်ရွက်သွားရန်နှင့် ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှုများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မှုများရှိသကဲ့သို့ ကိုယ်တိုင်ဆောင်ရွက်ရမှုများလည်းရှိကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

အင်းလေးဖောင်တော်ဦး ဘုရားပွဲသည် တစ်နိုင်ငံလုံးက စိတ်ပါဝင်စားသည့် ပွဲတစ်ပွဲဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း တက်ရောက်ခဲ့ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ထင်ရှားသည့် အခမ်းအနားများနှင့် ပြည်သူအများနှင့် သက်ဆိုင်သည့်ပွဲများကိုလည်း တက်ရောက်အားပေးကြစေလိုကြောင်း၊ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသအလိုက် သွားရောက်ဆောင်ရွက်ပေးကြစေလိုကြောင်း။

စီးပွားရေးတိုးတက်မှု၌ လိုအပ်ချက်ရှိနေခြင်းနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ရောင်းချရာတွင် ကုန်ထုတ်လုပ်မှုစရိတ်နှင့် ရောင်းချသည့် ကုန်ဈေးနှုန်းများ များစွာ ကွာခြားမှုမရှိရန်လိုကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ကွင်းဆင်းဆောင်ရွက်ပါက ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ကွင်းဆင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စားသုံးဆီ၊ စက်သုံးဆီများနှင့်ပတ်သက်၍ ရည်ညွှန်းဈေးမှန်ကန်ရေးနှင့် ဈေးကွက်အတွင်း ဖြစ်သင့်သည့် ဈေးနှုန်းထက်ပိုမို၍ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူတို့၏အကျိုးကိုသာကြည့်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးကြပ်ရေးကော်မတီအနေဖြင့်လည်း စနစ်တကျ စိစစ်ကြီးကြပ်ကိုင်တွယ်သွားရန် မှာကြားပြီးဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံရေးပါတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်ရန် လိုကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုကြောင်း၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ ရွေးချယ်ရာတွင်လည်း ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပါက ပိုမိုသင့်တော်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရွေးကောက်ပွဲမပြုလုပ်မီ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးသွားရန်ရှိပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များသည် ပါတီတွင်း ဒီမိုကရေစီစနစ်ဖြင့် ပါတီကိုကိုယ်စားပြုသူများဖြစ်လျှင် အဓိပ္ပာယ်ပြည့်ဝမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အရေးကြီးလိုအပ်ချက်ဖြစ်သော လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာ၌ ခိုင်မာသော ကိုယ်စားပြုမှုနှင့် ရေရှည်အာမခံချက်များ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ချမှတ်ထားသော အမျိုးသားရေး ရည်မှန်းချက်များနှင့် နိုင်ငံရေး ရည်မှန်းချက်များအတိုင်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

> ☆ **နိုင်ငံရေးပါတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်ရန်၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နှင့် ကိုက်ညီရန်၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ ရွေးချယ်ရာတွင်လည်း ပါတီတွင်းဒီမိုကရေစီစနစ်ဖြင့် အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပါက ပိုမိုသင့်တော်**
>
> ☆ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရွေးကောက်ပွဲမပြုလုပ်မီ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးသွားရန်ရှိ၊ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များသည် ပါတီတွင်း ဒီမိုကရေစီစနစ်ဖြင့် ပါတီကို ကိုယ်စားပြုသူများဖြစ်လျှင် အဓိပ္ပာယ်ပြည့်ဝမည်**
>
> ☆ **သို့မှသာ မိမိတို့နိုင်ငံ၏ အရေးကြီးလိုအပ်ချက်ဖြစ်သော လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာ၌ ခိုင်မာသော ကိုယ်စားပြုမှုနှင့် ရေရှည်အာမခံချက်များ ရှိလာမည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့ ညနေ ၅ နာရီခွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရုရှားနိုင်ငံရှိတက္ကသိုလ်များ၊ သုတေသနဌာနများနှင့် မြန်မာနိုင်ငံမှ တက္ကသိုလ်များအချင်းချင်း ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ သုတေသနလုပ်ငန်းများ၊ နျူးကလီးယားနည်းပညာအား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာ-ရုရှား သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ပညာသင်စေလွှတ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ဇီးကုန်းမြို့နယ်၌ ၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

**ဇီးကုန်း အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၂၅ ရက်မှစတင်၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလက်ဝယ်အရောက် ဒီဇင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ အတိုးနှုန်းအနေဖြင့် ငွေကျပ် ၁၀၀ လျှင် တစ်နှစ် ငါးကျပ်နှုန်းဖြင့် သီးနှံပေါ်ချိန် သတ်မှတ်ကာလတွင် အရင်းအတိုးနှင့်တကွ ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

ဇီးကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာဘဏ် ၃၁ ဘဏ်မှ တောင်သူ ၅၅၀၀၊ စိုက်ဧက ၃၇၀၀၀ အတွက် ငွေကျပ်သိန်း ၃၇၀၀၀ အား ထုတ်ချေးပေးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ချောင်းစောက်အုပ်စုမှ တောင်သူ ၂၆၂ ဦး၊ စိုက်ဧက ၁၅၈၅ ဧကအတွက် ငွေကျပ် ၁၅၈၅၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

○ ကျောဖုံးမှ
ကဏ္ဍအလိုက် လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)နှင့် ဆက်စပ်၍ ထာဝရငြိမ်းချမ်းရေး ရရှိရေးနှင့်စပ်လျဉ်းပြီး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ၊ စွမ်းအင်နှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများဖွင့်လှစ်ရန် ရက်ပြောင်းလဲသတ်မှတ်

**ရန်ကုန် အောက်တိုဘာ ၂၆**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဘွဲ့ကြိုတန်းများနှင့် မဟာဝိဇ္ဇာတန်းများအား နိုဝင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ကြေညာခဲ့သော်လည်း ယခုအခါ အခြားတက္ကသိုလ်များနှင့် တစ်ပြေးညီဖြစ်စေရေး နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ကို ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်-နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအသစ်အဖြစ် ခန့်အပ်ခြင်းခံရသည့် H.E. Mr. Iskander Azizov ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ငါး၊ ပုစွန်မွေးမြူရေးလုပ်ကိုင်သူများအား အယ်လ်နီညိုနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲပြုလုပ်

**ပုသိမ် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ကိုင်သူလုပ်ငန်းရှင်များအား အယ်လ်နီညိုနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ပုသိမ်မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ငါး၊ ပုစွန်မွေးမြူရေးလုပ်ကိုင်သူလုပ်ငန်းရှင်များအား အယ်လ်နီညိုဖြစ်ပွားချိန်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဖြစ်ပွားပြီးချိန်တွင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးကိစ္စများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ရှင်းလင်းဟောပြောခဲ့ပြီး မြို့ဦးစီးမှူး ဦးဆန်းဝင်းက အပူချိန်မြင့်မားချိန်တွင် ဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ပုသိမ်မြို့နယ် ကန်ကြီးထောင့်မြို့နယ်၊ ရွှေသောင်ယံမြို့နှင့်ငွေဆောင်မြို့တို့မှ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ တက်ရောက်ခဲ့ကြပြီး အယ်လ်နီညိုနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ဝါသနာရှင်အဆင့်(ပထမတန်း) “မဟော်သဓာ” ဇာတ်တော်ကြီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု စိန်မြန်မာအနုပညာအင်အားစု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးအကပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲတွင်အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာဖြင့် ငြိမ့်ညောင်းသည့် ကကွက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ နှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့များ ကြည့်ရှုအားပေးကြသည်။

အကပြိုင်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးသည် အကပြိုင်ပွဲအဆင့်လိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပသည့် ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးသည် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်တို့၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်များနှင့်အတူ ဝါသနာရှင်အဆင့် (ပထမတန်း) “မဟော်သဓာ” ဇာတ်တော်ကြီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု စိန်မြန်မာအနုပညာအင်အားစု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်၍ သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမအမွေအနှစ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့် လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို အလေးထားတန်ဖိုးထားထိန်းသိမ်းရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့်နေရာများတွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များသည်လည်း စိတ်အေးချမ်းမြေ့စွာဖြင့် အားကြိုးမာန်တက် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၂၃ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

**ကျောက်စိမ်း အတွဲပေါင်း ၆၂၃ တွဲ ရောင်းချရ**

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ ၇၅၃တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၂၃ တွဲ ရောင်းချရကြောင်း ထုတ်ပြန်ကြေညာသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ကို ပြည်တွင်း ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယင်း ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာအောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၃၀၀ နှင့် ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဈေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင်ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက် အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ၇၀၂ တွဲကို လည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၆၀၁ တွဲကိုလည်းကောင်း၊ ပြပွဲသတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၃ တွဲအနက် ကျောက်စိမ်းအတွဲ ၆၂၃ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောက်စိမ်းအတွဲ ၁၇၉၂ တွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၈ ရက်အထိ ပြည်တွင်းရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်အောင်ခရိုင်ရှိ ကညင်၊ မမြ၊ နန်ကသူ၊ ကွန်ချောင်း ရေလှောင်တမံများ၏ ရေအသုံးချသူတောင်သူများအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**မြန်အောင် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်အတွင်းရှိ ကညင်၊ မမြ၊ နန်ကသူ၊ ကွန်ချောင်း ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်မှ ရေအသုံးချသူတောင်သူများအဖွဲ့ (WUG) များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက်က မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်က မြန်အောင်ခရိုင်အတွင်းရှိ ကညင်၊ မမြ၊ နန်ကသူ၊ ကွန်ချောင်း ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်မှ ရေအသုံးချသူတောင်သူများ၊ အဖွဲ့ဝင်များ ဆည်ရေကို အကျိုးရှိစွာ စနစ်တကျသုံးစွဲကြရန်ပြောကြားပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မိုးကျော်က ရေအသုံးချတောင်သူများအဖွဲ့နှင့် ဌာနတာဝန်ရှိသူများ ပူးပေါင်း၍ ဆည်ရေကို စနစ်တကျအကျိုးရှိစွာသုံးစွဲရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဟသ်ာတ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆည်ရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးကေများ ရေလုံလောက်စွာ ရရှိနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြန်အောင်ခရိုင်အတွင်းရှိ ကညင်၊ မမြ၊ နန်ကသူ၊ ကွန်ချောင်းရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်မှ ရေအသုံးချသူတောင်သူများ၊ အဖွဲ့ဝင်များ ကိုယ်စား တောင်သူတစ်ဦးချင်းက ဆွေးနွေးတင်ပြချက်များကို မြန်အောင်၊ ကြံခင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ် (ပြန်/ဆက်)**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**နှလုံးသွင်းခံယူ**

မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို နိုင်ငံတော်တည်တံ့ခိုင်မြဲမှုနှင့်အတူ ယှဉ်တွဲတည်ရှိနေရမည့် ဂုဏ်ဒြပ်များအဖြစ် နှလုံးသွင်းခံယူပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို လူအား၊ ငွေအား၊ အချိန်အား စိုက်ထုတ်ကျင်းပပေးနေခြင်း ဖြစ်သည်။ ယခုပြိုင်ပွဲကြီးသည် အနုပညာဆိုင်ရာ ပြိုင်ပွဲတစ်ခုဖြစ်သည့်အပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကိုအခြေခံ၍ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်ဟောင်း အနုပညာရှင်ကြီးများနှင့် မျိုးဆက်သစ် အနုပညာရှင်မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသား ညီအစ်ကိုများ ယဉ်ကျေးမှု ပေါင်းစည်းသည့်ပွဲ ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြူဝန်းလို့ခို” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဒီပါအေးမြ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ကုန်းဘောင်နေမင်း” (ပတ်ပျိုးလတ်) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။

**ကာလပေါ် အဆိုပြိုင်ပွဲ**

**“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “အရွယ်သုံးပါး” သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြနဒီ” သီချင်းဖြင့်လည်းကောင်း ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာအသုံးပြု၍ ငြိမ့်ညောင်းသည့် ကကွက်ကဟန်များဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြည့်ရှုသူများ ရင်သပ်ရှုမောဖြစ်စေမည့် ကကြိုးကကွက်များဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကကြိုးကကွက် စုံလင်စွာဖြင့်လည်းကောင်း အားကြိုးမာန်တက် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုခြင်း**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဗလငါးတန် ဒို့ရည်သန်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **စာမျက်နှာ ၈ သို့** ✻





ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မချိုသဲဦး ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။




ဝါသနာရှင်အဆင့်(ဒုတိယတန်း) တယောအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား(မဟာဂီတ)တေးသီချင်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ရဲရင့်မှူး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် အသက် (၁၅-၂၀) အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းအံ့ဇော် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) နှဲပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ် ကိုယ်စားပြု ရွှေဖားစည်သံ အောင်နန်းစံ ရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသား(မဟာဂီတ)တေးသီချင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်မြတ်မင်းခေါင် ယှဉ်ပြိုင်စဉ်။

**✻ စာမျက်နှာ ၇ မှ**

ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇာတိပုညဂုဏ်မာန" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်း လေ့ကျင့်သီဆိုကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဒ္ဒါကြာညောင်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖူးရွှေလက်တင်" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း လက်စွမ်းပြတီးခတ် ယှဉ်ပြိုင်ကြသည်။

**တယောအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာသံဝေ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဒ္မုန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဒ္မုန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဝေယံလမင်း ယှဉ်ပြိုင်စဉ်။

**နှဲပြိုင်ပွဲ**

**နှဲပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့် ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်" (ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းဂိမှာန်" (မွန်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မင်းလမ်းစပ်ကာ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟောဝန်လယ်"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မနန်းယွန်းဝတီထွေး ယှဉ်ပြိုင်စဉ်။

**ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး"ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ် ကိုယ်စားပြု ရွှေဖားစည်သံ အောင်နန်းစံ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက် ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်း ဒေသကြီး ကိုယ်စားပြု စိန်မြန်မာ အနုပညာအင်အားစု မဟော်သဓာ ဇာတ်တော်ကြီးအဖွဲ့က မူရင်း မဟော်သဓာ ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**အဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲတွင် အဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် မဟာဂီတအဆိုပြိုင်ပွဲ၊ ခေတ်ဟောင်းတေး/ကာလပေါ်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့်များ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲတို့ပါဝင်သည်။

**အကပြိုင်ပွဲ**တွင် အမျိုးသား/အမျိုးသမီးအဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပါဝင်ယှဉ်ပြိုင်နိုင်သည့် မြန်မာအက အခြေခံ အမျိုးသမီးကဗျာလွတ်အက (ပထမအဆင့်)၊ အမျိုးသမီး ၁၆ ဦးယှိမ်းပြိုင်ပွဲ၊ တစ်ဖွဲ့လျှင် ၁၆ ဦး ပါဝင်ယှဉ်ပြိုင်နိုင်သည့် တိုင်းရင်းသား ရိုးရာအက (သို့မဟုတ်) ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဝင်ရောက်ကပြယှဉ်ပြိုင်ကြမည့် ရှမ်းတိုင်းရင်းသားရိုးရာ အက ၁၆ ဦး ယှိမ်းပြိုင်ပွဲတို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပါတီဝင်အင်အားများကို ဥပဒေနှင့်အညီ စုဆောင်းထူထောင်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြား



နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပြည်မြို့ မြို့တော်ခန်းမ၌ နိုင်ငံရေးပါတီ ခြောက်ပါတီမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များကို တွေ့ဆုံ၍ ပါတီဝင်အင်အားများစုဆောင်းမှုကအစ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများအပါအဝင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် အညီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

**ဥပဒေတွင် ပြဋ္ဌာန်းထား**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ နည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံး သတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံးစည်းရုံးရမည့် ပါတီဝင်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်း မရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည် မဟုတ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးပါတီများကို ကော်မရှင်မှစိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍ နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများ ဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့်ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီထူထောင်မှုရရှိစေရန် ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ အမှတ်စဉ် (၅)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီရယူပြီး CVLMS(Central Voter List Management System) ဆော့ဝဲလ်အပါအဝင် အဆင့်မြင့် အိုင်တီနည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများကို လက်တွေ့စမ်းသပ်မဲပေးနိုင်ရန် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ၊ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)တို့မှ တိုင်းဒေသကြီး ပါတီကော်မတီဥက္ကဋ္ဌများက ပါတီအလိုက် အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အရာရှိများ၊ ပဲခူးတိုင်းဒေသကြီးအတွင်း စည်းရုံးဆောင်ရွက်မည့် ပါတီဝင်အင်အားစာရင်း တင်ပြထားသည့် နိုင်ငံရေးပါတီ ခြောက်ပါတီမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီကော်မတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် ပြောကြား

စစ်တွေ အောက်တိုဘာ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီ ခြောက်ပါတီမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များအား တွေ့ဆုံ၍ ပါတီဝင်အင်အားစာရင်းများအား ပူးပေါင်းအဖွဲ့ဖြင့် တိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲအရာရှိဦးသူရိန်ထွဋ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီဝင်အင်အားစိစစ်ရန် ပေးပို့ထားသည့် နိုင်ငံရေးပါတီ ရှစ်ပါတီ၏ ပါတီဝင်အင်အားစာရင်းများကို မှန်ကန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ပါတီအလိုက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြသည်။



ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်သည် စစ်တွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ပါတီဝင်အင်အားစာရင်းများကို ပါတီဝင်ဖြစ်ကြောင်း အသိအမှတ်ပြုထားသည့် မှတ်တမ်း၊ အထောက်အထားများဖြင့် လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ e-ID စနစ်ဖြင့် လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ Admin DEO Software ဖြင့် လည်းကောင်း၊ ပါတီကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းစိစစ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်သည် မွန်ပြည်နယ် မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့အတွင်းရှိ မှတ်ပုံတင်ပြီးနိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်များ၌ ကျင်းပပြုလုပ်သည်။

**ဆွေးနွေးဖြေကြား**

သံဖြူဇရပ်မြို့နယ် တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် မြို့နယ်အဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီတို့မှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ တက်ရောက်လာသည့် ပါတီဥက္ကဋ္ဌများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးဖြေကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မုဒုံမြို့နယ် တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ပါတီဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ လက်ရှိဆောင်ရွက်နေသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း၊ ပါတီရုံးများ စနစ်တကျဖွင့်လှစ်ရေး၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး ရှင်းလင်းပြောကြားပြီး ပါတီဥက္ကဋ္ဌများ၏တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် သီတင်းကျွတ်ကာလ ပျော်ပွဲရွှင်ပွဲနှင့်ဖျော်ဖြေပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေး ဝန်ကြီးဌာန၏ ဝန်ထမ်းများအတွက် သီတင်းကျွတ်ကာလ ပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေပွဲကို ယနေ့ညနေပိုင်း ရုံးဆင်းချိန်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။





**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

အဆိုပါပျော်ပွဲရွှင်ပွဲနှင့် ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ဖျော်ဖြေပွဲ မစတင်မီ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နိုင်ငံတော်က အားထားရသည့် ဌာနတစ်ခုအဖြစ် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမှာ ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုဝန်ဆောင်မှု လုပ်ငန်းများကို အားတက်သရော ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုသည့်အနေဖြင့် သီတင်းကျွတ်အခါသမယတွင် ပျော်ရွှင်စေလိုသည့်အတွက် ယခုလို ပျော်ပွဲရွှင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေဟု ဆန္ဒပြုကြောင်း ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ မြန်မာ့ရုပ်မြင်သံကြားမှ တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ရာ ဝန်ထမ်းများက လိုက်ပါသီဆိုကာ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့နောက် သီချင်းဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများက ပါဝင်သီဆိုယှဉ်ပြိုင်ကြသည်။

သီဆိုယှဉ်ပြိုင်သူများ၏ အမှတ်များကို ရေတွက်နေစဉ်အတွင်း ဝန်ထမ်းများ၏ ကံစမ်းမဲနံပါတ်များ မဲနှိုက်ကြေညာ၍ စက်ဘီးနှင့် ဆုကြေးငွေများကို လည်းကောင်း၊ သီချင်းဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအားဆုငွေများကို လည်းကောင်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့် ခနုဖြူမြို့နယ်ရုံး၊ ဟင်္သာတခရိုင်ရုံးနှင့် ဟင်္သာတမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီးဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်ရုံး၊ ဟင်္သာတခရိုင်ရုံးနှင့် ဟင်္သာတမြို့မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အင်္ဂပူမြို့နယ်ရုံး၊ မြန်အောင်မြို့နယ်ရုံး၊ ကြံခင်းမြို့နယ်ရုံးနှင့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရုံးတို့အား ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအားတွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပေါက်ခေါင်းမြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့မှ ဦးစီးမှူးများအားတွေ့ဆုံ၍ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား ပြည်မြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဇုန်နယ်တာဝန်ခံအပါအဝင် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပေါင်းတည်မြို့နယ်ရုံး၊ နတ်တလင်းမြို့နယ်ရုံး၊ ဇီးကုန်းမြို့နယ်ရုံး၊ ကြို့ပင်ကောက်မြို့နယ်ရုံး၊ အုတ်ဖိုမြို့နယ်ရုံးနှင့် မင်းလှမြို့နယ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ညနေပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာယာဝတီခရိုင်ရုံးကို ကြည့်ရှုစစ်ဆေး၍ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

**မှာကြား**

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မိမိတို့၏ အဓိကတာဝန်ဖြစ်သည့် ပြန်ကြားရေးနှင့် အသိပညာပေးလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးညှိနှိုင်း ဆောင်ရွက်ကြရန်၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အသိပညာ ဗဟုသုတ ပြန့်ပွားစေရေးကို အလေးထားဆောင်ရွက်ကြရန်၊ လူငယ်များအကြား မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုအလေးထားပြီး နိုင်ငံခြားယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှုကို တားဆီးကာကွယ်ရေး အသိပညာပေးရန်။

မကြာမီကျရောက်မည့် အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့တို့တွင် ဦးတည်ချက်များနှင့် အညီကျင်းပနိုင်ရေး၊ အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများကျင်းပနိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အားလပ်ရက်အလဟဿမဖြစ်စေရေး သင်တန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် အဓိဋ္ဌာန်နှင့် ကျင့်ဝတ်များကို လိုက်နာပြီး၊ စည်းကမ်းပြည့်ဝသော၊ တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန်၊ အဆောက်အအုံနှင့် စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး အမြဲစစ်ဆေး ထိန်းသိမ်းပြုပြင်ကြရန်၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အောင်မြင်ရေးကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်ကြရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ ရုံးပိုင်းဆိုင်ရာနှင့် ဝန်ထမ်းရေးရာ တင်ပြချက်များကို ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပျဉ်းမနား အောက်တိုဘာ ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ အမှတ် (၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး (နေပြည်တော်)နှင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့ပူးပေါင်း၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ ဘောဂသီရိကားကြီးဝင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ပျဉ်းမနားမြို့ရှောင်လမ်းတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။



**အသိပညာပေး**

ထိုသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်ရာတွင် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဒေါ်သိင်္ဂီတိုး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးမှူးဦးစည်သူထွဏ်း၊ အမှတ် (၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး (နေပြည်တော်) ရဲမှူးဘချစ်၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ (အဝေးပြေး) ဥက္ကဋ္ဌ ဦးမြတ်မိုး၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ (မြို့တွင်း) ဥက္ကဋ္ဌ ဦးမျိုးမင်းထက်နှင့်တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် ပျဉ်းမနား မြို့ရှောင်လမ်းတွင် ပြေးဆွဲနေသည့် ကုန်တင်မော်တော်ယာဉ်ကြီးများ၊ သုံးဘီးယာဉ်များနှင့် အနေးယာဉ်များ လမ်းလယ်ကြောယူပြီး မောင်းနှင်နေမှုများ မပြုလုပ်စေဘဲ မိမိယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြ၍ လက်ယာဘက်ကပ်မောင်းနှင်ပြီး လမ်းကြောင်းပေးရန်လိုကြောင်း အသိပညာပေးပြောကြားကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် နေပြည်တော်-ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်၊ ရန်ကုန်-ပုဂံ-ရန်ကုန် ခရီးစဉ်များကို အောက်ဖော်ပြပါ နေ့ရက်/အချိန်များအတိုင်း အစုန်/အဆန် အထူးရထားများပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၇.၁၀.၂၀၂၄ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၈ : ၃၀ | ၀၇ : ၃၀ |
| ၂ | ၂၇.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၃ | ၂၇.၁၀.၂၀၂၄ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၄ | ၂၇.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၅ | ၂၇.၁၀.၂၀၂၄ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၆ | ၂၈.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၇ | ၂၈.၁၀.၂၀၂၄ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၈ | ၂၈.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၉ | ၂၈.၁၀.၂၀၂၄ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၀ | ၂၈.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | ပုဂံ | ၁၆ : ၁၅ | ၁၂ : ၀၀ |
| ၁၁ | ၂၉.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၁၂ | ၂၉.၁၀.၂၀၂၄ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၁၃ | ၂၉.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၁၄ | ၂၉.၁၀.၂၀၂၄ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၅ | ၃၀.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃ : ၀၀ | ၂၀ : ၅၅ |
| ၁၆ | ၃၀.၁၀.၂၀၂၄ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂ : ၃၀ | ၀၆ : ၃၀ |
| ၁၇ | ၃၀.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၁၈ : ၃၀ | ၀၇ : ၃၀ |
| ၁၈ | ၃၀.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇ : ၄၅ | ၁၇ : ၄၅ |
| ၁၉ | ၃၀.၁၀.၂၀၂၄ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉ : ၁၅ | ၁၉ : ၁၀ |
| ၂၀ | ၃၀.၁၀.၂၀၂၄ | အဆန်အထူး | ပုဂံ | ရန်ကုန် | ၁၆ : ၁၅ | ၁၂ : ၀၀ |

အထက်ပါ ခရီးစဉ်များအတွက် အထက်တန်းလက်မှတ်အား(၃)ရက် ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်း လက်မှတ်အား(၁)ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားစီးခရီးသွား မိဘပြည်သူများ၊ ဝန်ထမ်းများနှင့်မိသားစုများအနေဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁၂)ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဆွေးနွေးပွဲသို့ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။




**အပြည့်အဝ စိုက်ပျိုးမွေးမြူလုပ်ကိုင်**

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်နှင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်များနှင့်အညီ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် လုပ်ငန်းများအတွက် စနစ်တကျအသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအနေဖြင့်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း အပြည့်အဝ စိုက်ပျိုးမွေးမြူလုပ်ကိုင်ဆောင်ရွက် အသုံးပြုရန်လိုအပ်ကြောင်း။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံပို လျှံရေးအတွက် အဓိက အားထားဆောင်ရွက်နေရသော လယ်ယာမြေများ မလျော့ပါးရေးမူဝါဒသဘောအရ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် စိုက်ပျိုးမြေများကို အသုံးမပြုဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုသာ အကျိုးရှိရှိအသုံးချရန်ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်ရရှိသူများအနေဖြင့် လိုက်နာရမည့် စည်းကမ်းများ မဖောက်ဖျက်သရွေ့ ဆက်လက်လုပ်ကိုင်နိုင်သည့် အခွင့်အရေးရှိကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စတင်မထုတ်ပေးမီ အာမခံကြေးကောက်ခံရန် လိုအပ်သကဲ့သို့ ယခင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးနောက် နှစ်စဉ်ကြေးမြေခွန်များပြေကျေအောင် စည်းကြပ်ကောက်ခံနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အသုံးပြုခွင့်ရရှိထားသူများအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသည့်မြေကို ပြန်လည်သိမ်းဆည်းခြင်း၊ ပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းများအပြင် တည်ဆဲဥပဒေများအရ တရားစွဲဆိုခြင်းကိုလည်း ခံရနိုင်ကြောင်းကို အသိပေးလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးသုံးသပ်ဆောင်ရွက်**

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူးညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် အကြောင်းအရာများအား တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းအကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးသုံးသပ်ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် (၁၂)ကြိမ်မြောက် ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိမှုများအပေါ် စည်းကမ်းချက်နှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် အထူးအဖွဲ့ ဖွဲ့စည်းပေးရန်ကိစ္စရပ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ အစိုးရကခွင့်ပြုထားသောဥပဒေနှင့်ညီညွတ်သည့်အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချနိုင်ရေးလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပညာရေးဘွဲ့စာပေးစာယူသင်တန်း အပတ်စဉ်(၄၁) သင်တန်းသား သင်တန်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်ပညာရေးတက္ကသိုလ်ပညာရေးဘွဲ့စာပေးစာယူသင်တန်း အပတ်စဉ်(၄၁)သို့ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာရေး၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ မော်ကွန်းထိန်း၊ စာကြည့်တိုက်မှူး၊ အဆောင်မှူးများနှင့် သစ်လွင်သင်တန်းသား သင်တန်းသူ ၇၀၀ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ခွန်းဆက်**

အခမ်းအနားတွင် ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာနမှ မော်ကွန်းထိန်းက ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာရေး၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ စာကြည့်တိုက်မှူး၊ အဆောင်မှူးများနှင့် မိတ်ဆက်ပေးပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။



ထို့နောက် သင်တန်းသား သင်တန်းသူများက မြတ်ဆရာသီချင်းကိုသီဆိုပြီး ဆီမီးထွန်းညှိ၍ ပူဇော်ကန်တော့ကြရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များက ဆုံးမဩဝါဒစကားများ ချီးမြှင့်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ဖိတ်ကြားချက်အရ ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၏ Grand Ballroom ၌ ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

**ပြယုဂ်တစ်ခု**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းသည် လမ်းများနှင့် ဆက်သွယ်မှုများ တည်ဆောက်ရေးအတွက်သာ မဟုတ်ဘဲ အရည်အသွေးပြည့်ဝမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးမှုမျှဝေခြင်းတို့၏ ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်း၏ မဟာဗျူဟာမြောက် ရည်ရွယ်ချက်မှာ မတူကွဲပြားသော နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ယုံကြည်မှုတို့ကို မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်စဉ်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော် ရှိပါကြောင်း၊ နှစ်နိုင်ငံအစိုးရများ (G to G)အကြား အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိခြင်း၊ စီးပွားရေးအသိုင်းအဝိုင်း(B to B)နှင့် နှစ်နိုင်ငံ ပြည်သူများ (P to P) အကြား ကောင်းမွန်သောဆက်ဆံရေးရှိခြင်းတို့ကြောင့် နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ များစွာတိုးတက်ခဲ့ပါကြောင်း။

သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာရှိသည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖြစ်ပါကြောင်း၊ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့ကို လွှမ်းခြုံထားသည့် ကမ်းရိုးတန်းရှိနေသည့် မြန်မာနိုင်ငံသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း (CMEC)မှတစ်ဆင့် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း၏ ရေကြောင်းအခြေပြု စီမံကိန်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ပင်လယ်ရေကြောင်းလမ်းများအား ပိုမိုကောင်းမွန်ရေးအတွက်ဆောင်ရွက်ခြင်းသည် ကုန်စည်ပို့ဆောင်မှုတွင် မြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာရုံသာမက ကုန်သွယ်မှုလုပ်ငန်းများကို ချဲ့ထွင်ရန်၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို ပိုမိုအားကောင်းလာစေရန်နှင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်စေမည်ဖြစ်ပါကြောင်း။

**သိသိသာသာပံ့ပိုးပေးမည်**

ထို့အပြင် ဆိပ်ကမ်းများနှင့် ဆက်စပ်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို သိသိသာသာ ပံ့ပိုးပေးမည် ဖြစ်ပါကြောင်း၊ လေကြောင်း ဆက်သွယ်မှုများ တိုးမြှင့်ခြင်းသည် နိုင်ငံသားအချင်းချင်း အပြန်အလှန် နီးနှောဖလှယ်မှု၊ ယဉ်ကျေးမှုဆိုင်ရာ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း ယဉ်ကျေးမှုဖလှယ်ခြင်းကိုလည်း တိုးပွားလာစေမည်ဖြစ်ပါကြောင်း။

လက်ရှိရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် မူဆယ်-မန္တလေး အမြန်ရထားလမ်းနှင့် မန္တလေး-ကျောက်ဖြူ အမြန်ရထားလမ်းသစ်များ ဖောက်လုပ်ခြင်းသည် ပြည်တွင်း ကုန်စည်သယ်ယူပို့ဆောင်ရေး စွမ်းဆောင်ရည်ကို တိုးမြှင့်စေပြီး ကုန်ကျစရိတ်ကို လျှော့ချနိုင်ကာ ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးပါကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှု (BRI)အရ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိသော မည်သည့် စီမံကိန်းများကိုမဆို မြန်မာနိုင်ငံက အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။




အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များကို ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။




**အဓိကကျသော အခန်းကဏ္ဍအနေဖြင့်ပါဝင်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်ခု၏ စီးပွားရေးကို တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသော အခန်းကဏ္ဍအနေဖြင့် ပါဝင်နေကြောင်း၊ ခရီးသွားလုပ်ငန်း အောင်မြင်တိုးတက်လာသည်နှင့် ထိုဒေသရှိပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခြင်း၊ ဝင်ငွေတိုးတက်လာခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခြင်းကို ခရီးသွားလုပ်ငန်း၏ တိုက်ရိုက်အကျိုးဆက်များအဖြစ် အထင်အရှား တွေ့မြင်နိုင်ပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစရှိသည့်ကဏ္ဍများတွင်လည်း သွယ်ဝိုက်သော အကျိုးကျေးဇူးများ ခံစားရရှိစေပါကြောင်း။

မန္တလေးခရီးစဉ်ဒေသ၊ ပုဂံခရီးစဉ်ဒေသနှင့် ပြင်ဦးလွင်ခရီးစဉ်ဒေသတို့သည် ပြည်ပခရီးသွားများသာမက ပြည်တွင်းခရီးသွားများပါ ကြိုက်နှစ်သက်ကြောင်းကို ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်း ခရီးသွားများ လာရောက်မှုစာရင်းများအရ တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်ပခရီးသည်ဝင်ရောက်မှုကို တိုးတက်အောင်ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းခရီးသွားများအတွက်လည်း သွားလာ၊ နေထိုင်စားသောက်ရေး ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး၊ ပြည်တွင်းခရီးသွားများ ကြိုက်နှစ်သက်သော ဆွဲဆောင်မှုများ၊ Activities များ၊ ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့် ဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် မိတ္ထီလာဟိုတယ်နှင့် ဝန်ဇင်းဟိုတယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘီးလင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မြန်မာ့ရိုးရာ သိုင်းသင်တန်း(အခမဲ့) ဖွင့်လှစ်

**ဘီးလင်း အောက်တိုဘာ ၂၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလ ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် မိမိကိုယ်ကို ကာကွယ်နိုင်ရေးအတွက် မြန်မာ့ရိုးရာ သိုင်းသင်တန်းကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းရွှေက မြန်မာ့ရိုးရာ သိုင်းသင်တန်း တက်ရောက်ခြင်းဖြင့် ရရှိစေမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘီးလင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဒေါ်ဖူးဖူးလွင်က အခြေခံသိုင်းသရုပ်ပြကွက် ၆၃ ကွက် အနက်မှ သရုပ်ပြကွက် ခြောက်ကွက်ကို သင်ကြားပြသပေးသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒီလိုပြိုင်ပွဲတွေ ပြုလုပ်ခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သလို နိုင်ငံသူ နိုင်ငံသားတွေရဲ့ အနုပညာချစ်မြတ်နိုးမှုအပေါ်မူတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက် အင်မတန်မှအရေးကြီးတယ်လို့ထင်ပါတယ်

အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုး

**ခေတ်အဆက်ဆက် တည်ရှိခဲ့သော မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှု မြန်မာ့ရိုးရာအနုသုခုမပညာ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်၊ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့နှင့် လျော်ညီစွာ တည်ရှိခဲ့သော ယဉ်ကျေးမှုအနုပညာစံနှုန်းများခိုင်မာတည်တံ့စေရန်၊ မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပညာရပ်များကို ဖော်ထုတ်လျက် မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပညာအမွေပေးရန် ကြီးမားသော အထောက်အပံ့ဖြစ်စေသည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ လက်ရှိအချိန်တွင် (၂၄)ကြိမ်ရှိခဲ့ပြီဖြစ်သည်။**


အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုး


မွန်ပြည်နယ် အောင်နိုင်


ဦးကောင်းမြတ်ဝေ


မောင်စိုးသူ

ယခုကျင်းပလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိပြီး အမှတ်ပေးအကဲဖြတ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုး**
**အရေးပြိုင်ပွဲ အကဲဖြတ်ဒိုင်**

သီချင်းရေးဆရာတစ်ယောက်ဖြစ်ဖို့ဆိုရင် ရေးချင်တဲ့ဝါသနာ ပြင်းထန်ဖို့ လိုပါတယ်။ ကဗျာလင်္ကာကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းရမယ်။ သီချင်းမှာ ကာရန်ပါသလို ကဗျာမှာလည်း ကာရန်ပါတယ်။ ကဗျာကာရန်ရဲ့ အခြေခံကို နားလည်မယ်ဆိုရင် သီချင်းရေးတာမှာ အခက်အခဲမရှိရေးနိုင်မယ်။ စာပေနှံ့စပ်မှုရှိမှ ရေးရမယ့်သီချင်းရဲ့ ဦးတည်ချက်က ဘာလဲဆိုတာသိမယ်။ လူတွေရဲ့ စိတ်ဓာတ်တတ်ကြွစေမယ့်သီချင်းမျိုးရေးမယ်ဆိုရင် ဝီရရသမြောက်တဲ့ စကားလုံးအသုံးအနှုန်းအဖွဲ့တွေလိုအပ်သလို ချစ်ခြင်းမေတ္တာကို ဖော်ကျူးတဲ့ သီချင်းမျိုးဆိုရင် အချစ်နဲ့ပတ်သက်တဲ့ စကားလုံးတွေ အနုအရွလေးတွေ သုံးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် စာပေ၊ ကဗျာ၊ ပျို့၊ အလင်္ကာဆိုတဲ့အတိုင်း ကဗျာတို့၊ စာပေတို့၊ သီချင်းတို့ ဆက်စပ်နေတာဖြစ်လို့ စာပေမှာ ရသကိုးပါး၊ ဂုဏ်ဆယ်ပါးရှိသလိုပဲ တေးသီချင်းမှာလည်း ရသတွေ၊ ဂုဏ်တွေမြောက်ဖို့ လိုပါတယ်။

တေးရေးတဲ့နေရာမှာလည်း ပေးထားတဲ့ခေါင်းစဉ်တွေက ဇာတိပုညဂုဏ်မာန၊ ထိန်းသိမ်းစို့လေ ရိုးရာအမွေ၊ ဗလငါးတန်နဲ့ ပတ်သက်တဲ့ သီချင်းခေါင်းစဉ် စတဲ့သီချင်းခေါင်းစဉ်တွေပေးထားတဲ့အတွက် ခေါင်းစဉ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဇာတိပုညဂုဏ်မာနဆိုတာကတော့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ဖို့၊ ကိုယ့်လူမျိုးကိုယ့်နိုင်ငံကို ချစ်မြတ်နိုးဖို့၊ သီချင်းစာသားထဲမှာ အားမာန်ပါတဲ့ စကားလုံးတွေပါဖို့လိုပါတယ်။ အဲဒီမှာ အချစ်သီချင်းရေးသလို ဖွဲ့နွဲ့နေလို့ရှိရင် ခေါင်းစဉ်နဲ့စာသားကိုက်ညီမှုမရှိဖြစ်မယ်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကတော့ ပြိုင်ပွဲတွေ အများကြီးရှိပါတယ်။ တေးရေးပြိုင်ပွဲနဲ့ ပတ်သက်ပြီးမေးတော့ တေးရေးနဲ့ ပတ်သက်ပြီး ပြောပြပါမယ်။ တေးရေးဆိုတာ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်မှာ နိုင်ငံတော်ကို အထောက်အကူပြုတဲ့သီချင်းတွေ အများကြီး ပေါ်ပေါက်ခဲ့တယ်။ ဒီသီချင်းတွေက နိုင်ငံသူ နိုင်ငံသားတွေ စည်းလုံးညီညွတ်ရေး၊ တစ်ဦးပေါ်တစ်ဦးယုံကြည်မှု၊ ငြိမ်းချမ်းမှု၊ ချစ်ကြည်မှု၊ လက်တွဲနေထိုင်မှုတွေအပေါ် အများကြီးအထောက်အကူပြုမှာဖြစ်တဲ့အတွက် ဒီလိုပြိုင်ပွဲတွေ ပြုလုပ်ခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သလို နိုင်ငံသူ နိုင်ငံသားတွေရဲ့ အနုပညာချစ်မြတ်နိုးမှုအပေါ်မူတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း အထောက်အကူပြုနိုင်မှာ ဖြစ်တဲ့အတွက် အင်မတန်မှ အရေးကြီးတယ်လို့ ထင်ပါတယ်။

**မွန်ပြည်နယ်အောင်နိုင်**
**ဆိုင်းအတီးပြိုင်ပွဲ နည်းပြ**
**စစ်ကိုင်းတိုင်းဒေသကြီး**

ကျွန်တော်က ဦးစိန်လှမြိုင်ရဲ့ မွေးစားသားပါ။ ဦးစိန်လှမြိုင်မရှိတော့တဲ့ နောက်ပိုင်းမှာ ဆိုင်းပညာကို မျိုးဆက်သစ်တွေ အများကြီး မွေးထုတ်ပေးထားပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာမှာဆိုရင် တပည့် ၈၀ ကျော်ရှိသွားပါပြီ။ အခုဆိုင်းအတီးပြိုင်ပွဲမှာ ယှဉ်ပြိုင်နေတဲ့ လမင်းထက်ကလည်း အားထားရတဲ့ တပည့်တစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ အခုလက်ရှိမှာ မွန်ပြည်နယ်အောင်နိုင်ဆိုပြီး ဗလာဆိုင်းထောင်ထား ပါတယ်။ မြန်မာနိုင်ငံမှာ ဆိုင်းနဲ့ ပတ်သက်ပြီး ရွှေတံဆိပ်သုံးဆုကို ပထမဆုံးရရှိထားပါပြီ။ ၁၉၉၄ ခုနှစ်မှာ ပညာရှင်အဆင့် အဖွဲ့လိုက်၊ ပညာရှင်အဆင့် ပတ္တလား၊ ၁၉၉၈ ခုနှစ် ရာမယဏ ဇာတ်တော်ကြီးမှာလည်း အကောင်းဆုံးဇာတ်ပို့ဆုကိုလည်း ရရှိထားပါတယ်။ အခုအချိန်မှာတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်က ပြိုင်ပွဲဝင်မယ့် နည်းပြတွေ အကူအညီတောင်းလို့ခေါ်တဲ့အချိန်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို လိုက်ပြီး နည်းပြအဖြစ်နဲ့ပဲ ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော့်တပည့် လမင်းထက်နဲ့အဖွဲ့ ယှဉ်ပြိုင်သွားတာ သင်ထားတဲ့အတိုင်းဖြစ်သလို ဒိုင်တွေရဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းချက်နဲ့ ညီအောင်လည်း သင်ပေးထားပါတယ်။ ဒီလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို နှစ်စဉ်မပြတ် ကျင်းပပေးသင့်တယ်လို့ ပြောကြားလိုပါတယ်။ ဒါမှလည်း မြန်မာ့ရိုးရာဆိုတဲ့ ဆိုင်းပညာမပျောက်ကွယ်သွားရေး၊ တိုးတက်မြင့်မားရေး ဖြစ်တဲ့အတွက် မျိုးဆက်သစ်တွေရဲ့ ရှေးရေးလက်ဆင့်ကမ်းအမွေကို ပေးခဲ့လို့ဖြစ်မှာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေမရှိရင် စီးပွားရေးဆန်ဆန်ပဲလုပ်စားပြီး ပညာရဲ့တန်ဖိုးဆိုတာကို လက်ဆင့်ကမ်းသယ်ယူဖို့ မရှိဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတာကိုလည်း နိုင်ငံတော်ရဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဦးကောင်းမြတ်ဝေ**
**ပညာရှင်အဆင့် ပထမတန်း နှဲအတီးပြိုင်ပွဲဝင်**
**မွန်ပြည်နယ်**

လက်ရှိအချိန်မှာ ကျွန်တော်တတ်ထားတဲ့ နှဲပညာကိုလည်း မပျောက်ပျက်ရအောင်လို့ လာရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ပါတယ်။ အပြင်မှာတော့ အနုပညာလုပ်ငန်းအနေနဲ့ ကီးဘုတ်တီးပါတယ်။ နိုင်ငံတော် အကြီးအကဲတွေက ကျင်းပပေးတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ တတ်ကျွမ်းထားတဲ့ နှဲအတတ်ပညာကို မျှဝေတဲ့သဘောနဲ့ ယှဉ်ပြိုင်ဖြစ်သလို ဆရာတွေနဲ့လည်း တွေ့ရပြီး နှဲအတတ်ပညာနဲ့ ပတ်သက်တဲ့ သီချင်းအသစ်တွေလည်းထပ်ရလို့ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။

ပြိုင်ပွဲဆိုပေမယ့် ညီအစ်ကိုတွေ အနုပညာကို ဖလှယ်တဲ့သဘောပါပဲ။ နှဲပညာနဲ့ ပတ်သက်ပြီး ခုနစ်နှစ်သားကတည်းက လေ့လာဆည်းပူးခဲ့တာပါ။ မျိုးရိုးစဉ်ဆက်ကို ပြောရမယ်ဆိုရင်တော့ နိုင်ငံတော်ရွှေစားကြီး အလင်္ကာကျော်စွာ စိန်စတင်းနဲ့ လက်တွဲဖော်ဖြစ်တဲ့ ဓနုဖြူဦးသိန်းမောင်ဆိုတာက ကျွန်တော့်ရဲ့ ဘိုးအေပါ။ လက်ဦးဆရာက ဦးစိုးမြင့်ပါ။ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်အောင် သင်ကြားပေးခဲ့တဲ့၊ အခုအချိန်အထိ လက်ရှိဆရာဖြစ်သူကတော့ ဦးစိန်မင်းနိုင်နဲ့ ရေနံ့သာညွှန့်ဝင်းနိုင်တို့ ဖြစ်ပါတယ်။ ကျန်တဲ့ ဆရာ့ဆရာတွေကလည်း အများကြီးပါပဲ။ အခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ရန်ကုန်မှာ အချိန်အများကြီး လေ့ကျင့်ခဲ့ပါတယ်။ အခြား အိုးစည်၊ ဒိုးပတ်၊ ဆိုင်းအဖွဲ့လိုက်နဲ့ နှဲတစ်ကိုယ်တော်၊ ပလွေတစ်ကိုယ်တော် ယှဉ်ပြိုင်နေခဲ့တာပါ။

ပြိုင်ပွဲကျင်းပပေးတာကို ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်တို့ အနုပညာသည်တွေအနေနဲ့ ဆုရခြင်းမရခြင်းထက် နိုင်ငံတော်က ကြီးမှူးကျင်းပပေးတာ ဖြစ်တဲ့အတွက် အနုပညာရပ်တွေနဲ့ ပတ်သက်ပြီး ပိုမိုလေ့လာဖြစ်တယ်။ ကျွန်တော်တို့ ဆရာတွေပြောတာကတော့ အနုပညာဆိုတာ မြစ်ကို အလျားလိုက်ကူးသလို ကုန်တယ်လို့ မရှိဘူးဆိုသလိုပဲ လေ့လာလို့လဲ မကုန်ပါဘူး။ ကျွန်တော်တို့အနုပညာရှင်တွေအတွက်လည်း ပညာတွေတိုးပွားပါတယ်။ ဆုတံဆိပ်မရလည်း ဝမ်းမနည်းပါဘူး။ အခြားညီအစ်ကိုတွေ ရရှိမှာပဲလို့ ခံယူထားပါတယ်။

နဝမအကြိမ်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဆိုင်းအဖွဲ့လိုက်၊ အိုးစည်တစ်ကိုယ်တော်၊ အိုးစည်၊ ဒိုးပတ် စတဲ့ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ရွှေတံဆိပ်ကတော့ ၃၁ ခု ဆွတ်ခူးခဲ့ပြီးပါပြီ။ မျိုးဆက်သစ်တွေ ပြန့်ပွားရေးက ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲရဲ့ ကျေးဇူးဖြစ်ပါတယ်။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲရဲ့ ကျေးဇူးကြောင့်သာ ကျွန်တော်တို့ရဲ့ ဆရာတွေအားပေးမှုနဲ့ ပညာတွေပြန့်ပွားခဲ့ကြရတာဖြစ်ပါတယ်။ နောက်နှစ်တွေမှာလည်း ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေ ဆက်လက်ကျင်းပဦးမယ်ဆိုရင် ကျွန်တော်တို့ကတစ်ဆင့် မျိုးဆက်သစ်တွေကို ထပ်မံလက်ဆင့်ကမ်းအမွေတွေ ပေးသွားဖို့ ရည်ရွယ်ထားပါတယ်။

**မောင်စိုးသူ**
**တယောအတီးပြိုင်ပွဲဝင်**
**မန္တလေးတိုင်းဒေသကြီး**

မန္တလေးအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှာ ဒီပလိုမာတက်နေပါတယ်။ မေဂျာက ပန်းချီဖြစ်ပေမယ့် ဝါသနာက ဂီတကို ဝါသနာပါလို့ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ တယောပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာကတော့ ယဉ်ကျေးမှုကျောင်းက နည်းပြဆရာမ ဒေါ်အေးဆုမွန်ရဲ့ အားပေးမှုနဲ့ ယှဉ်ပြိုင်ဖြစ်တာပါ။ ပြိုင်ပွဲဝင်ဖို့အတွက် သုံးလေးလလောက်လေ့ကျင့်ခဲ့ရပါတယ်။ ပြိုင်ပွဲအတွက် သတ်မှတ်ထားတာက သီချင်းသုံးပုဒ်ပါ။ ယိုးဒယားမှာ တောင်တောသာယာ၊ ကြိုးမှာ ဇေယျာမြို့၊ ကာလပေါ်က မေတ္တာဂုဏ် ရွေးပေးထားပါတယ်။ မဲကျတဲ့သီချင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဌမတန်းတုန်းက တစ်ခါယှဉ်ပြိုင်ဖူးပါတယ်။ အဲဒီတုန်းကတော့ အဆိုပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့တာပါ။ အဲဒီအချိန်ကတော့ တိုင်းဒေသကြီးအဆင့်နဲ့ပဲ ကျေနပ်ခဲ့ရတာပါ။ အခုတစ်ကြိမ်မှ ဗဟိုအဆင့်ကို တက်ခွင့်ရတာပါ။ ယုံကြည်မှုကတော့ ပထမရမယ်လို့ မျှော်လင့်ထားပါတယ်။

၁၉၉၃ ခုနှစ်တွင် စတင်ခဲ့သော မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ယခုအခါတွင် (၂၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သကဲ့သို့ ယခင်အငယ်တန်း၊ ဝါသနာရှင်အဆင့် ယှဉ်ပြိုင်ခဲ့သော အနုပညာရှင်တို့သည် ယခုအခါ ပညာရှင်အဆင့် ပြိုင်ပွဲဝင်များအဖြစ်လည်းကောင်း၊ နည်းပြများအဖြစ် လည်းကောင်း၊ အကဲဖြတ်ဒိုင်များအဖြစ်လည်းကောင်း၊ သားသမီးတပည့်များအား ပွဲထုတ်၍ နည်းပြများ၊ အုပ်ချုပ်သူများအဖြစ်လည်းကောင်း တွေ့မြင်ရာ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များ၏ ပညာအမွေခံစီးဆင်းမှု၊ ထိန်းသိမ်းနေမှုများကို မြင်တွေ့ရပေရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ရလဒ်များအဖြစ် မြင်တွေ့ရပါကြောင်း တင်ပြအပ်ပေသည်။

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ နေမျိုး**
**ဓာတ်ပုံ - ကိုကိုနေ**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ (၂၀၂၃)

Quality Dental Care for Community

"အရည်အသွေးပြည့်..... သွားကျန်းမာရေး ပြည်သူထံသို့ ဆောင်ကြဉ်းပေး"

၃ ရက် – ၄ ရက် ၊ နိုဝင်ဘာလ

MICC II, နေပြည်တော်

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း မီးလောင်မှုဖြစ်စဉ်မှ တရားခံ တစ်ဦး ဖမ်းဆီးရမိ



နေပြည်တော် အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၅ ရက် နံနက် ၃ နာရီ မိနစ် ၄၀ တွင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ်(၉)ကျောင်းလမ်းရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီခွဲတွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အလျား ၉၅ ပေ၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ခံ၊ ပျဉ်ထောင်နှစ်ထပ်ကျောင်းဆောင် အဆောက်အအုံတစ်လုံးနှင့် အလျား ပေ ၄၀၊ အနံ ပေ ၃၀ ရှိ RC နှစ်ထပ်သင်ထောက်ကူ အဆောက်အအုံတစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၉၃၇၅၀၀၀ ခန့်ဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် အမျိုးသမီးတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးလျက်ရှိသည်။

**ပြန်လည်ပြုပြင်တည်ဆောက်**

မီးလောင်မှုဖြစ်စဉ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို ပြန်လည်ပြုပြင် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းပြန်လည်ဖွင့်ချိန်တွင် နှစ်သုတ်တက်စနစ်ဖြင့် အချိန်မပျက် ပညာသင်ကြားနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၆

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် အမ်းမြို့နယ်နေ ညီစိန်၊ သိန်းစိုးနှင့် ဖိုးဝတို့ သုံးဦးက တစ်မြို့နယ်တည်းနေ မ---၊ ၂၁ နှစ်အား တရုတ်နိုင်ငံတွင် တရုတ်မယားအဖြစ် ပေါင်းသင်းနေထိုင်ပါက ငွေကျပ် သိန်း ၅၀ ရမည်၊ တစ်နှစ်ပေါင်းသင်းရမည်၊ ကလေးမွေးပေးရမည်၊ အဝတ်အစား စီစဉ်ပေးမည်ဟု လိမ်လည်စည်းရုံးခေါ်ဆောင်ကာ တရုတ်မယားအဖြစ် ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် မြစ်ကြီးနားနယ်မြေရဲစခန်း (ပ)၁၂၇/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်၍ မြစ်ကြီးနားခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် တရားခံ ညီစိန်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံ သိန်းစိုးနှင့် ဖိုးဝတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အရ တရားခံပြေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၀-၂၀၂၃ သောကြာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပဋ္ဌာနသုတ်၊ ရတနသုတ် တေဗျူဟသုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ၂၀၂၃ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (တတိယနေ့)
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ် တရုတ်–မြန်မာ အခန်းကဏ္ဍများ(အပိုင်း–၁၀)
- ၁၀:၅၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း–၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (ဇာတ်သိမ်းပိုင်း)
- ၁၄:၄၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ့
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ ရန်ကုန်တက္ကသိုလ်များလေ့လှော်အသင်း၏ ရာပြည့်နေ့ဆီသို့ (အပိုင်း–၂)
- ၁၇:၁၅ သီပေါမင်းသီတင်းကျွတ်မီးထွန်းပွဲတော်
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း–၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ငအောက်ချင်းငှက်တေးသံသာ' တေးဂီတ ပျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်–၂)
- ၂၂:၀၀ ၂၀၂၃ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (စတုတ္ထနေ့)

### mitv

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 The Ornithologist: Dr. Thein Aung
- 07:37 Licuala Palm Leaf
- 07:46 Sarus Crane in Myanmar
- 08:01 News
- 08:27 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- 08:39 Geographic Center of Myanmar
- 09:01 Listening Pleasure, Instrumental Music (Myanmar Harp) Myanmar Shu Khin Myanmar Saite Yin
- 09:09 Fantastic Orchid Garden From The Flower City
- 09:20 Myanmar Sculpture-work of Art
- 09:35 Moe Ne' Keeps Its Tradition Alive
- 10:01 News

### MRTV NRC

- မွန် (၀၆:၀၀ မှ ၀၈:၀၀) မော်လမြိုင်မုန့်ဟင်းခါး
- ရခိုင် (၀၈:၀၀ မှ ၁၀:၀၀) ထုတ္တန့်သိမ်ပုထိုးတော်ကြီး
- ရှမ်း (၁၀:၀၀ မှ ၁၂:၀၀) စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ
- ဝ (၁၂:၀၀ မှ ၁၄:၀၀) 'ဝ' ဘာသာစကားပြောကြရအောင် (အသီးအရွက်ဆိုင်ရာဝေါဟာရများ)
- ကချင် (၁၄:၀၀ မှ ၁၆:၀၀) တစ်နိုင်တစ်ပိုင် စပျစ်စိုက်ခင်းဆီ
- ကယား (၁၆:၀၀ မှ ၁၈:၀၀) ကယားမြေမှလန်းဆန်းသောပန်းကလေးများ
- ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀) ရိုးရာအဆင်များဖြင့် ပေါ်လွင်လှပနေသောဖိနပ်လေးများ
- အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀) မှော်ဆန်တဲ့အလှတရားများရှိရာငှက်ကျွန်း
- အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀) ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
- ချင်း (ကိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀) ဝက်ယူစံထား ဘောလုံးသမား ဆလိုင်းလာလ်ကျဲအိုလွယ်
- ချင်း (ချို) (၂၂:၀၀ မှ ၂၃:၀၀) မြားတံပြုလုပ်ခြင်းနှင့်အထားအသို

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ တောင်ပိုင်းပိုးလမ်းမသစ် တရုတ်–မြန်မာ အခန်းကဏ္ဍများ(အပိုင်း–၈)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ရသစုံစွာဏ်မြေကမ္ဘာ
- ၁၁:၄၅ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် အနာဂါတ်ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၃)
- ၁၈:၀၀ Economic Review (အပိုင်း–၂၅) (အနာဂါတ်မြန်မာပြည်ရဲ့လိုအပ်ချက်)

### MRTV FARMERS' HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၃၀ ကျေးလက်ကွန်ရက်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Puss in Boots: The Last Wish (2022) (ဇာတ်လမ်း)
- ၂၂:၀၀ How Texas Farmers Use 127 Million Acres of Farmland- America Farming Documentary
- ၂၃:၃၀ Day in the Life of a Small Farm

### MRTV SPORTS HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ ရွှေရောင်မျိုးဆက်သစ်များနှင့် တွေ့ဆုံခြင်း
- ၀၆:၄၀ ဝက်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီး(အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြည် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး ခဲ့ပြီး လမ်းဧရိယာအတွင်း ကျူးကျော်နေထိုင်မှု မရှိစေရေး၊ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် မြေထိန်းနံရံ ကြံ့ခိုင်မှုများ စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းမြို့ မြို့မဈေးကြီးအတွင်း ဈေးရုံအသစ် ဆောက်လုပ်နေမှုနှင့် ဈေးရုံ အဟောင်းများ ပြန်လည်အဆင့်မြှင့် တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ ဆက်လက်၍ မင်းလှမြို့နယ် စာနီစုကျေးရွာ တောင်သူ ဦးသန်းလှိုင်၏ ဆင်းသုခ မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးခဲ့ရာ တစ်ဧကလျှင် အစို တင်း ၁၃၀၊ အခြောက် ၁၁၇ တင်း ထွက်ရှိခဲ့ပြီး ဒေသခံ ပြည်သူများအတွက် ဟင်းသီးဟင်းရွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လက်ပံတန်း မြို့နယ် ဒေသသုတေသနဗဟိုဌာန အစည်းအဝေးခန်းမ၌ စိုက်ပျိုး သီးနှံအလိုက် ပန်းတိုင်အထွက် နှုန်းရရှိရေး အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့် ထောက်ပံ့ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ ခဲ့ပြီး မျိုး၊ မြေ၊ ရေ၊ နည်းစနစ် တကျ မှန်ကန်စွာသုံးစွဲနိုင်ရေး၊ စားဖိုဆောင်သီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ရေး အသိပညာပေး ပြောကြားခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်းမြေပဲ (ဗီယက်နမ်) မျိုး၊ မတ်ပဲ(TBL-9) မျိုးနှင့် ပဲတီစိမ်း (ဩဇီ၊ ရေဆင်း-၁၄၊ ရေဆင်း-၁၆)မျိုးများအား ထောက်ပံ့ ပေးအပ်ခဲ့မှုအပေါ် ဒေသခံ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် မွန်းလွဲပိုင်းက သာယာဝတီမြို့နယ် ကျွဲသတ်ကြီး ကျေးရွာ တောင်သူ ဦးကြည်လွင်၏ ဆင်းသုခမိုးစပါးစံပြစိုက်ကွက် ရိတ်သိမ်းနေမှုနှင့် မင်းလှမြို့နယ် အုတ်တွင်းကျေးရွာ တောင်သူ ဦးသန်းအောင်၏ ဘက်စုံမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်အနေဖြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာများ အထောက် အကူပြုနိုင်ရန်နှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေ ရန်ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာ ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန် ဖရင့် (၂၀၂၃) (Conference on Science and Technology Development – 2023) (CSTD–2023) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ် အဆင့်မြင့်စာပေ ပညာဗဟိုဌာန ငါးထပ်စာသင် ဆောင်ရှိ Multifunction Hall ၌ ကျင်းပသည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ တင်သွင်းခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပိုစတာ ၂၃ စောင်ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ပိုစတာရှင် များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) စာတမ်းနှစ်စောင်၊ သိပ္ပံနှင့်နည်းပညာ ဆိုင်ရာသုတေသန စာတမ်း ၆၃ စောင် စုစုပေါင်း ၆၅ စောင် ဖတ်ကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်(၂၀၂၃)ကို အောက်တိုဘာ ၂၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) စာတမ်း နှစ်စောင်၊ သိပ္ပံနှင့်နည်းပညာ ဆိုင်ရာ သုတေသနစာတမ်း ၅၆ စောင် စာတမ်းစုစုပေါင်း ၅၈ စောင် ဆက်လက်ဖတ်ကြားသွားမည်ဖြစ်ပြီး အကောင်းဆုံး စာတမ်း ခုနစ်ဆုနှင့် အကောင်းဆုံး ပိုစတာ နှစ်ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်ကို ၂၀၁၆ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ကိုဗစ် – ၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ကျင်းပခဲ့ပြီး ယခုအကြိမ်သည် သတ္တမအကြိမ်မြောက် ကျင်းပသည့် ကွန်ဖရင့်ဖြစ်သည်။

**တက်ရောက်**

အဆိုပါ ကွန်ဖရင့်သို့ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော် တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အရပ်ဘက် တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက Video Conferencing ဖြင့် တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ငယ်ငယ်တုန်းက သီတင်းကျွတ်

❖ စန်းယုံ့ရှန်းမြ၊ တိမ်လွတ်ညဝယ်
ဗုဒ္ဓမြတ်စွာ၊ ဝတိံသာမှ
လူ့ရွာသက်ဆင်း၊ ကြည်ညိုခြင်းဖြင့်
ထိန်လင်းစေသော်၊ မီးပူဇော်သည်
တူပျော်နဲ့ကြ ဝါကျွတ်လ။

❖ ပြာဝါစိမ်းနီ၊ လင်းလက်ကြည်စွ
ဆီစိမ်မီးပုံး၊ ပန်းစုံကုံးသို့
ပိုးစုန်းကြူးငယ်၊ ရှုံးလောက်ဖွယ်တည့်
မီးစွယ်သေးမှိန်၊ စုမိချိန်မူ
ထိန်ညီးရှန်းတောက်၊ ညဥ့်မှောင်ဖောက်သည်
ကြွရောက်ရှင်တော် ပူဇော်တကား။

❖ လူသူခပင်း
မြို့တွင်းလှည့်လည်၊ ပွဲတော်စည်စွ
မီးကျည်မီးရှူး၊ မိုးယံပြူး၍
ထူးကဲသဏ္ဌာန်၊ မီးပုံးပျံလည်း
အားအန်ဖြိုးကြွ၊ မှိုင်းပြည့်ဝလျှင်
ကြိုးစဖြတ်လျက်၊ ရိပ်ရိပ်တက်ပြီ
လက်ခုပ်တီးသံ မြိုင်တကား။

❖ ကစားဖော်တို့
မြူးပျော်စနောက်၊ လန့်အောင်ခြောက်ကြ
ပြောက်အိုးသံလွှမ်း၊ ဝှေ့ဝှေ့ယမ်းက
မီးပန်းမီးပွား၊ လွင့်ဖြာသွားခဲ့
စပါးကြီးမြွေ၊ ညို့မိလေသို့
နေရာဟောင်းမှ၊ ထွက်မရချေ
ဝက်ပါလမ်း၊ မမောပန်းနိုင်
ငယ်ကျွမ်းဖော်တို့ ပျော်တကား။

❖ လူကြီးသူမ၊ ဂါရဝဖြင့်
ဦးချနှိမ်ကာ၊ ကန်တော့ရာဝယ်
စုံစွာဆုပေး၊ မုန့်ဖိုးပေးခဲ့
ရှေးထုံးမွေနှစ်၊ စွဲမြဲချစ်၍
နှစ်, ရာထောင်တိုင်၊ မမေ့နိုင်တည့်
ပြိုင်ဆိုင်မဲ့ကင်း၊ ဟန်ဆောင်ကင်းကာ
ကောင်းခြင်းပျံ့မွှေး၊ လွန်ယဉ်ကျေးသော
ရှေးကစဉ်လာ၊ တို့ရိုးရာကို
ခါခါ အောက်မေ့မိတကား။ ။
ပြန်ရနိုင်လျှင် လိုချင်သား။ ။

ကို (တက္ကသိုလ်)

# ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား) မြေအောက်လမ်းကူးလူသွားဥမင်အဆောက်အအုံ ရတနာပန္နက်တော်တင်မင်္ဂလာ ပြုလုပ်



နေပြည်တော် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား)မှ တာဝန်ယူတည်ဆောက်မည့် ရွှေတိဂုံစေတီတော်(အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား) မြေအောက်လမ်းကူး လူသွားဥမင်(Underpass)အဆောက်အအုံ ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း၌ ပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓရ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စေတိယင်္ဂဏ ပဝရသီရိမဟာ ဓမ္မာဂုရု သ.စ.အ ဓမ္မာစရိယ (ဝဋံသကာ) ပါဠိပါရဂူ လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ပရိတ်နံ့သာရည်များ ပက်ဖျန်း**

ယင်းနောက် ဆရာတော်ကြီးများက ရတနာပန္နက်တော်နှင့် ရွှေလက်ရိက်တော်တို့ကို ပရိတ်နံ့သာရည်များပက်ဖျန်း၍ သိဒ္ဓိမင်္ဂလာဆင်ယင်ချီးမြှင့်တော်မူကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာပန္နက်တော်အား စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ မြေအောက်လမ်းကူး ဥမင်(Underpass) အဆောက်အအုံ တည်ဆောက်ရာတွင် ဥမင်လူသွားလမ်း အကျယ် ၂၃ ပေ၊ အလျား ၄၆၁ ပေ ၉ လက်မ၊ ဝင်ထွက်ပေါက် လေးခု၊ ရွေ့လျားစက်လှေကား လေးစင်း၊ မသန်စွမ်းသူများ အသုံးပြုရန် ၁၀ ယောက်စီးစက်လှေကား နှစ်စင်းတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ဥမင်တည်ဆောက်ပြီးစီးပါက တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ တည်ဆောက်ကာလမှာ ၁၄ လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၆

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့သည် ယနေ့တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းကို စနစ်တကျစီမံဆောင်ရွက်ရန်၊ ပလတ်စတစ်အမှိုက်များ လုံးဝမရှိအောင် ဆောင်ရွက်ရန်၊ ရှုံးအဆောက်အအုံများအား ဆေးသုတ်ထားရန်၊ ကပွဲခန်းမနှင့် အစည်းအဝေးခန်းမအား နိုင်ငံတော်အဆင့်မီ ပြုပြင်ဆောင်ရွက်ထားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆိပ်ခံဖောတံတားတည်ဆောက်ပြီးစီးမှုနှင့် နန်းမြင့်မျှော်စင်တို့ကို ကြည့်ရှုစစ်ဆေးပြီး နန်းမြင့်မျှော်စင် မျက်နှာကြက်များ ပြုပြင်ဆောင်ရွက်ရန်၊ နန်းမြင့်မျှော်စင်ဆေး သုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ စည်ပင်အဝင်လမ်း ပလက်ဖောင်းကပ်တုံးများဖြူနီကျားဆေးသုတ်ရန်၊ လမ်းနံဘေးရှိဈေးဆိုင်များ၊ အငှားယာဉ်နှင့် ဆိုင်ကယ်ဘေးတွဲများ ရပ်နားမှုမရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် မှာကြားသည်။




**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၅၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၁၀-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ(၂၅-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၆-၁၀-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၈၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၆၅ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၀ | ၂၂၉၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၇၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၅၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၂၀ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၅ | ၂၅၀၅ | ၂၅၁၀ | ၂၇၃၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၅ | ၂၇၄၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၅၀ | ၂၁၂၅ |
| HSD (500 ppm) | ၂၁၉၆ | ၂၂၆၉ |
| HSD (50 ppm) | ၂၃၀၃ | ၂၃၇၉ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ MNL မှ

ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရောဝတီအသင်းမှာမူ ချေပဂိုးပြန်သွင်းနိုင်သော်လည်း ဂိုးထပ်ပေးခဲ့ရသဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားတိုက်စစ်မှူး ဆယ်လာတစ်ဦးတည်းသာ ပါဝင်ပြီး ဒေးဗစ်ထန်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ လမင်းထွေး၊ ဇော်ဝင်းသိန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး ရောဝတီအသင်းမှာမူ အောင်နိုင်ဝင်း၊ လတ်ဝေဘုန်း၊ ရန်နိုင်စိုး၊ ရာဇာအောင်၊ အောင်သီဟစသည့် အမာခံကစားသမားများကို အသုံးပြုခဲ့သည်။

ရန်ကုန်အသင်းသည် နိုင်ပွဲပြန်ရရန် အားထည့်ကစားခဲ့ပြီး ၁၄ မိနစ်တွင် လှိုင်းဘိုဘိုက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် ရောဝတီအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ညီညီအောင်က သွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၆၁ မိနစ်တွင် လမင်းထွေးက အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်တိုက်စစ်မှူး လမင်းထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၄၁ မှတ်၊ ရောဝတီအသင်းက ၁၈ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၈) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၂၇ ရက် (ယနေ့)တွင် YUSC ကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ကချင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၇)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါကင်းစင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါကင်းစင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




**ပြောကြား**

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ၌ ဒုတိယဝန်ကြီးက တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်သည် ရှည်လျားပြီး နှစ်နိုင်ငံ ဝင်ထွက်သွားလာမှု များပြားသည့်အတွက် နယ်စပ်ဒေသ ငှက်ဖျားကူးစက်မှုပပျောက်ရေးသည် နှစ်နိုင်ငံလုံးအတွက် အရေးကြီးပြီး နှစ်နိုင်ငံ အတူတကွ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေးစီမံချက် အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Health Commission မှ Director General ဖြစ်သူ Dr. Gang Xia, Yunnan Health Commission မှ Deputy Director General ဖြစ်သူ Mr. Zhizhong Song နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Daobing Ouyang တို့က အဖွင့်နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ National Institute of Parasitic Disease နှင့် Yunnan Institute of Parasitic Disease များမှ တာဝန်ရှိသူတို့က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ကူးစက်မှုပပျောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Disease Control and Prevention Administration ရုံးချုပ်၌ The National Health Commission(NHC)၏ Vice-Minister ဖြစ်သူ Mr. Wang Hesheng, နှင့် တွေ့ဆုံ၍ တရုတ်-မြန်မာ နယ်စပ်ဒေသ ငှက်ဖျားရောဂါကူးစက်မှုပပျောက်ရေး လုပ်ငန်းများတွင် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ငှက်ဖျားရောဂါအပြင် အခြားကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၂၄ ရက်တွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Center for Disease Control and Prevention (China CDC) ၌ Director General Professor SHEN Hongbing နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ Malaria Elimination အတွက် နည်းပညာပံ့ပိုးမှု၊ မြန်မာ-တရုတ် နယ်စပ် ငှက်ဖျားရောဂါထိန်းချုပ်ရေး၊ Public Health Emergencies, HIV နှင့်တီဘီရောဂါတိုက်ဖျက်ရေး ကိစ္စများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် China CDC ရှိ Divisional Directors အဖွဲ့နှင့် တွေ့ဆုံပြီး China CDC သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များ တင်ပြခြင်းအပေါ် အသေးစိတ် ဆွေးနွေးမေးမြန်းခဲ့ပြီး မြန်မာနိုင်ငံမှ ပညာတော်သင်များအား China CDC ၏ Short Course Training Programs များသို့ စေလွှတ်မည့် အစီအစဉ်နှင့် FETP Program နှင့် ပတ်သက်၍ နှစ်နိုင်ငံ Mentor Exchange အစီအစဉ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် China CDC Emergency Operting Center၊ Branch of Vector Biology and Control ဌာန၊ WHO Collaboration Center for Vector Control ရှိ mosquito insectory, insecticide lab, climate simulation room များ၊ National Center for AIDS and STD prevention and control များသို့ လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ အောက်တိုဘာ ၂၅ ရက်တွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ the China International Development Cooperation Agency(CIDCA)မှ Vice Chairman, Dr. Boqing Deng နှင့် တွေ့ဆုံ၍ တရုတ်-မြန်မာနယ်စပ်ဒေသ ငှက်ဖျားရောဂါကူးစက်မှုပပျောက်ရေး စီမံချက်အား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ ရှမ်းပြည်နယ်(ကျိုင်းတုံ) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်၊ ရှမ်းပြည်နယ်(လားရှိုး) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွှန့်ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသား ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာနေရည်ရည်လင်း၊ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာဇော်ရိန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားကြပြီး အဆိုပါအဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## သနပ်ပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**သနပ်ပင် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဖရဲကျေးရွာ ကွင်းအမှတ်(၈၅၄ က)၊ ဦးပိုင်အမှတ်(၅/၇)၊ တောင်သူ ဦးမောင်ဇော်စိုက်ပျိုးထားသည့် မှော်ဘီ-၃ စပါးမျိုးသန့်စိုက်ခင်း မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ မြို့နယ်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ မှော်ဘီ-၃ မျိုးစပါးစံကွက်ရိတ်သိမ်းရာ အစိုချိန် ၁၁၁ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

## နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

အစ္စရေးနိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲအခြေအနေကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား ကယ်ထုတ်ရေး စီမံချက်အရ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများသည် အောက်တိုဘာ ၂၅ ရက်တွင် တဲလ်အဗီးမှ EI AI Airline LY 081 ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာလာခဲ့ပြီး ယနေ့ညပိုင်းတွင် မြန်မာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းအမှတ် 8M 351 ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ တစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများအား နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနနှင့် ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများဖြစ်ကြသည့် မမိုးသီတာအောင်၊ မခင်နှင်းအိ၊ ဒေါလမိုင်းမိုင်ရွာနှင့် ဦးအောင်ကျော်ဦးတို့ လေးဦးဖြစ်သည်။ ၎င်းတို့လေးဦးသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မိသားစုဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် လိုက်ပါသွားကြသည်။

သတင်းစဉ်




**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဆိုင်ရာ မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်ဆန်းသစ်တီထွင်မှု စီမံကိန်းအမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးသားရေးလုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်ကို လက်တွေ့ကျကျ အထောက်အပံ့ပြုပေးနိုင်မည့် သုတေသနစီမံကိန်းများကိုသာ အဓိကရွေးရှုဆောင်ရွက်ရန်၊ ယနေ့ဆွေးနွေးပွဲတွင် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ(MKCF)ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သည့် ယဉ်ကျေးမှုနှင့်ခရီးသွားလာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နှင့်



နည်းပညာ၊ သဘာဝပတ်ဝန်းကျင်၊ သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများဟူသည့် ကဏ္ဍခုနစ်ခုနှင့် စပ်လျဉ်းပြီး ဒေသတွင်းဖွံ့ဖြိုးရေးအတွက် သတ်မှတ်မူဝါဒများနှင့်အညီ ပန်းတိုင်များချမှတ်၍ စီမံကိန်းများ ဖော်ထုတ်သတ်မှတ်ရန်၊ အစီအစဉ်များ ရေးဆွဲရန်တို့အတွက် အားလုံးအကြံပြုဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ရေရှည်အကျိုးပြုမည့် သုတေသနစီမံကိန်းများ အောင်မြင်စေရေးအတွက် ဌာနများနှင့် အဖွဲ့အစည်းများအားလုံး တက်ညီလက်ညီဖြင့် ဦးလည်မသုန် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံ့ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝရပ်တည်ချက် ခိုင်မာစေရေးမှသည် မဲခေါင်ဒေသတွင်းတွင် ဖွံ့ဖြိုးတိုးတက်ရေးအထိ ရရှိလာသည့် သုတေသနရလဒ်များကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ စီမံကိန်းများဆောင်ရွက်ရင်း မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် အပြန်အလှန်ဖလှယ်ရေး အကျိုးကျေးဇူးများပါ ရရှိလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနနှင့် အခြားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သုတေသနပညာရှင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# ရောဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် အောက်တိုဘာ ၂၆**

ရောဝတီတိုင်း ဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီး တင်ဇော်ထွန်းက တိုင်းဒေသကြီး အတွင်းရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များအနေဖြင့် စေတနာအရင်းခံ



၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးနေထက်ရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇော်လွင် (နည်းပညာ)က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသည့် လုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များက အကြံပြု ဆွေးနွေးတင်ပြမှုများပြုလုပ်ကာ အစည်းအဝေးဆုံးဖြတ်ချက်များကို ကြေညာခဲ့ပြီး တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်များ ထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Premier Coffee Liuvia Co.,Ltd မှ အာမခံအလုပ်သမား ဦးဝင်းထွဋ်သည် အလုပ်ခွင်ပြင်ပတွင် ထိခိုက်ဒဏ်ရာဖြင့် သေဆုံးသွားသည့်အတွက် ကျန်ရစ်သူ မိသားစုဝင်အား ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက အကျိုးခံစားခွင့်ငွေလုံးငွေရင်းများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ အာမခံအလုပ်သမားသည် ကားဝပ်ရှော့တွင် လုပ်ငန်းသုံးမော်တော်ယာဉ် ပြုပြင်စဉ် ဇွန် ၂၃ ရက်တွင် လုပ်ငန်းခွင်ပြင်ပသေဆုံးခြင်းအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်ဥပဒေများအကြောင်း ကျန်ရစ်သူမိသားစုဝင်များအား ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးဝင်းထွဋ်သည် အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်လစာ၏ အဆ ၅၀ အတွက် ခွင့်ပြုငွေကျပ် ၁၄၇၄၂၅၀၀ အား သားဖြစ်သူ ဦးအုံ့မင်းသော်ထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ ရုံးခွဲတာဝန်ခံ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်(WCC)ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် ဝယ်ယူနိုင်**

၂၈ -၁၀ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၄၃)တွင် မြန်မာတို့၏ ထူးမြတ်သည့် သီတင်းကျွတ်လတွင် ကျင်းပသည့် ပွဲတော်များနှင့် ကုသိုလ်ကောင်းမှုများအကြောင်း တင်ဆက်ထားသည့် “ညီညီနှင့် သီတင်းကျွတ်ကုသိုလ်” မျက်နှာဖုံးကာတွန်း၊ ကမ္ဘာ့အံ့ဖွယ် ဂရိဘုရားကျောင်း နှစ်ခုအကြောင်း ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် “ဂရိနိုင်ငံမှ ကမ္ဘာ့အံ့ဖွယ် အဆောက်အအုံများ” သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ”ကဏ္ဍ၊ ကိုကံခေဆုတောင်းလိုက်သည့် ဆန္ဒသုံးခုမှာ ချက်ချင်းလက်ငင်းပင် ဆုတောင်းပြည့်သွားကြောင်း ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် “ဆန္ဒသုံးခု” နှစ်မျက်နှာကာတွန်း၊ သားသမီးနေဟန်ကို သီတင်းကျွတ်ကားလေးတစ်စီး ဝယ်ပေးဖြစ်ပုံအကြောင်း ရေးဖွဲ့ထားသည့် “နာမည်ပါသည့် သီတင်းကျွတ်ကား” ဝတ္ထုကဏ္ဍ၊ ဗိုက်ပူမည်ကို မကြောက်သော လင်းသစ်အကြောင်း ရေးဖွဲ့ထားသည့် “လင်းသစ်” တစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ သီတင်းကျွတ်ပွဲတော်အချိန်အခါသမယအကြောင်း ရေးဖွဲ့ထားသည့် ဆရာ မြတ်လွမ်းနောင်(ပုတီးကုန်း)၏ “ဝါကျွတ်ပွဲ” ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်သဒ္ဒါကဏ္ဍနှင့် ရွှေသွေးတို့လက်ရာပန်းချီများ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ခြင်း ကြော်ငြာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်




ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဇာတ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၆-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၀၁၆။ | ကွယ်လွန်သူဒေါ်အေးသန့်၊ ဒေါ်အေးသန်း၊ ကိုထွန်းနိုင်၊ မတင်ဇာထွေးတို့အားရည်စူး၍ ဦးကျင်သိန်းနှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၀၁၇။ | ဥူးဉာဏောဘာသ(ရေတွင်းကုန်းကျောင်း၊ ဇေယျာဝတီမြို့)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၀၁၈။ | မိခင်ကြီး ဒေါ်ခင်သန်းနှင့် သား၊ သမီး၊ မြေးများ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၀၁၉။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်တင်တင်ခွဲ၊ (သမီး)မခိုင်ချိုဦး၊ (မြေး)မဝင့်ပန်ဖူးဝေလွင်မိသားစုကောင်းမှု | ၆၀၀၀၀၀ |
| ၇၀၂၀။ | ဖခင်ကြီးဦးအုန်းနှင့် မိခင်ကြီးဒေါ်ကျွဲတို့အားရည်စူး၍ (သမီး)ဒေါ်တင်အေး၊ ညီမ ဒေါ်သန်းမြင့်(အထပြ-ငြိမ်း)မိသားစုကောင်းမှု | ၅၃၀၀၀၀ |
| ၇၀၂၁။ | သီလရှင်ဆရာကြီး ဒေါ်အေးသိင်္ဂီအား အမှူးထား၍ (သားကြီး)ဦးထက်အောင်မိသားစုကောင်းမှု | ၅၁၀၀၀၀ |
| ၇၀၂၂။ | ကွယ်လွန်သူမိဘများနှင့် ညီအစ်ကိုမောင်နှမများအား ရည်စူး၍ ဦးသန်းဝင်းနှင့်ဇနီး ဒေါ်သန်းငွေမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၀၂၃။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်စိုးစိုး၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၃၂၀၀၀၀ |
| ၇၀၂၄။ | ဦးစောအောင်ပွင့်နှင့်ဇနီး ဒေါ်တင်ဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၀၂၅။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်စမ်းစမ်းကြည်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၀၂၆။ | ကွယ်လွန်သူ ဦးလှကြည်အားရည်စူး၍ ဒေါ်တင်တင်မြ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၀၂၇။ | ဦးကံရွှေအားရည်စူး၍ ဒေါ်လှကြည် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၀၂၈။ | ဒေါ်နုနုဦးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၀၂၉။ | ဦးကျော့ဆွေနှင့်ဇနီး ဒေါ်ခင်မျိုးခိုင်မိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၇၀၃၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသွင်အောင်နှင့်ဇနီး ဒေါ်တင်တင်သော်၊ (သား)မောင်ထူးမြတ်အောင်၊ (သမီး)မယွန်းအိဖြူ မိသားစုကောင်းမှု | ၁၄၀၀၀၀ |
| ၇၀၃၁။ | ကြို့ကုန်းဇေယျာဗောဓိကျောင်းတိုက် ဆရာလေးဒေါ်သုမနစာရီ မိသားစုကောင်းမှု | ၁၂၅၀၀၀ |
| ၇၀၃၂။ | ဗိုလ်မှူးချုပ်ရန်သိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၀၃၃။ | ဦးနိုင်ခင်မိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၇၀၃၄။ | ဦးချစ်နိုင်(စိတ်ပညာ)နှင့်ဇနီး ဒေါ်လှလှမြင့်မိသားစုကောင်းမှု | ၁၁၁၀၀၀ |
| ၇၀၃၅။ | ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၃၆။ | ဘုန်းဘုန်းဦးပညာဝံသအား ရည်စူး၍ ဗိုလ်ကြီးကျော်သူရနှင့်ဇနီး ဒေါ်နော်သင်းနုအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၃၇။ | နှစ်ဖက်မိဘများအမှူးထား၍ အစ်ကိုကြီးဦးချစ်ခင်အားရည်စူး၍ ဦးကျော်ကျော်နှင့်ဇနီး ဒေါ်သီတာညွန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၃၈။ | ဖခင်ဦးညွန့်ဖေနှင့် အစ်ကိုကြီးဦးချစ်ခင်တို့အားရည်စူးပြီး အစ်ကိုကြီး၊ အစ်မကြီး၊ မိခင်များအားအမှူးထား၍ ဒေါ်စောကလျာညွန့်(လဝကမှူး)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၃၉။ | ဦးကျော်ကျော်ဦး(တန်ခိုးရှင်စားသောက်ဆိုင်) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၀။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်သီဟ နှင့်ဇနီး ဒေါ်ဆွေဆွေလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၁။ | ဒေါ်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၂။ | ဦးစံမြင့်နှင့်ဇနီး ဒေါ်သန်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၃။ | ဦးလှငြိမ်းနှင့်ဇနီး (ဒေါ်မြမြ)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၄။ | ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ငွေယဉ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၅။ | ဦးသိန်းသန်း+ဒေါ်ကြင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၆။ | ဦးအုန်းပိုင်နှင့်ဇနီး ဒေါ်မာမာအေး၊ (သမီး)မရှယ်ရတနာဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၇။ | ဒေါ်လှမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးကျော်ဇေယျဇော်နှင့်ဇနီး ဒေါ်လှိုင်ဇာဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၄၉။ | ဦးအောင်မြင့်ဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၀။ | ဦးစိုးခိုင်နှင့်ဇနီး ဒေါ်ဖြူဖြူအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၁။ | ဦးမောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၂။ | ကွယ်လွန်သူ ဦးကျော်သိန်းနှင့် ဒေါ်တင်လှအား ရည်စူး၍ ဒေါ်သင်းသင်းရီ၊ ဒေါ်ငွေငွေ၊ (မြေး)မယွန်းရွှေလွှာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၃။ | ဦးမိုးမိုးနှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၄။ | ဦးအောင်ကျော်ဇောနှင့်ဇနီး ဒေါ်မြင့်မြင့်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၅။ | ဦးတက်ထွန်းနှင့်ဇနီး ဒေါ်ခင်ညိုဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၆။ | ဦးထွန်းသိန်းနှင့်ဇနီး ဒေါ်စန်းဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၇။ | ကွယ်လွန်သူများ ဦးမောင်စိန်နှင့် ဒေါ်ခင်ခင်အေး၊ ဦးသန်းမြင့်နှင့် ဒေါ်ခင်ဝင်းမေတို့အတွက်ရည်စူး၍ ဦးတင်အောင်နှင့်ဇနီး ဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၈။ | ကိုဝင်းကိုနှင့်ဇနီး မဂျာဖွဲမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၅၉။ | ဦးစောလှသန်းနှင့်ဇနီး ဒေါ်မေသူမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၀၆၀။ | ဦးမောင်မောင်နှင့် ဒေါ်ငွေငွေမြင့်တို့အား အမှူးထား၍ ဗိုလ်မှူးဆန်းမောင်နှင့်ဇနီး ဒေါ်အိကေသူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၆၁။ | ဦးတင်ဝင်းလှိုင်နှင့်ဇနီး ဒေါ်မိမိအောင်၊ (သား)မောင်ကျော်ဇင်သက်၊ (သမီး)မယွန်းပြည့်ပြည့်အောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၆၂။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်သန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၆၃။ | ကိုကျော်ကျော်ဇင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၆၄။ | ဦးခင်ဝင်း+ဒေါ်တင်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၆၅။ | ဦးလှကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၆၆။ | ကိုဟိန်းထူးဇော်နှင့်ဇနီး မအိဖြူထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၆၇။ | ဦးသောင်းနိုင်ဘွားနှင့်ဇနီး ဒေါ်နွဲ့ယဉ်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်- ၁၂၀၉/ခ၊ မြေကွက်တည်နေရာအမှတ်-၁၂၀၉/ခ၊ ဒေဝဒဟ(၃၄)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးစိုးလွင်)[၁၂/သဃက(နိုင်)၁၅၂၉၈၅]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးလွင်ကွယ်လွန်သဖြင့် ဦးစိုးလွင်၏ဇနီးဖြစ်သူ ဒေါ်နန်းငွေအောင်ထံမှ အရပ်ကတိဖြင့် ဝယ်ယူထားသူ ဒေါ်ဖြူဖြူဝင်းဆွေနှင့် ဒေါ်နန်းငွေအောင်တို့အား တရားပြိုင်ထား၍ တရားလို ဦးသန်းငွေမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၉၇/၂၀၂၂၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၈/၂၀၂၂၏အမိန့်၊ (၃၁-၅-၂၀၂၃)ရက်စွဲပါ ဘီလစ်ခန့်စာနှင့်ဂရန်၊ နိုင်၊ ကတ်ဝန်ဆောင်ခတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်မေသူအောင်[၁၂/မဂတ(နိုင်) ၁၀၇၃၅၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ဦးမြတ်ထွန်းမင်း [၇/ဝမန(နိုင်)၁၁၀၅၀၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် MD-၃၆၄၆၈၇ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-796288677**

### ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁) Grade-12(B)မှ မအေးအေးခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း[၁/ဝမန(နိုင်)၁၀၅၄၁၉] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အမက(၁) ခါကွမ်ကျောင်း၊ Grade-4 မှ မအေးအေးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း [၁/ဝမန (နိုင်) ၁၀၅၄၁၉] ဖြစ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက-၄)၊ ဦးပိုင်အမှတ်(၃၃)/၅၆x၅၇ကြား၊ သိပ္ပံနှင့် A လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မိမိခိုင် [၉/မနတ(နိုင်)၀၃၃၉၃၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၉၂/၂၀၁၉) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟုန်ရှင်ချန့်[၁၃/မဆတ(နိုင်)၀၄၇၃၃၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၁၀၃၆)၊ မြေအကျယ်အဝန်းဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်တည်ရှိရာအမှတ်(၁၀၃၆)၊ ဇေယျာသုခလမ်း၊ (၃၁)ရပ်ကွက် ဟုခေါ်တွင်သော မြေကွက်နှင့်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်ဖြိုးလှမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဘူမောင်** (LL.B)(စဥ်-၂၂၇၄၇)
**ဒေါ်ဖြိုးဖြိုးအောင်** (LL.B)(စဥ်-၄၈၄၃၁)

**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

သက်ဆိုင်ရာမြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန၏စုပေါင်းအဆောက်အအုံမှတ်တမ်းတွင် မှတ်သားတည်ရှိသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်တာဝါ(၂)၊ ကမာရွတ်အိမ်ရာစီမံကိန်း၊ လက်ဝဲ၊ လက်ယာ၊ (၁၂)ထပ်တိုက်၊ (၁၄)ခန်းတွဲရှိအခန်းအမှတ်(၁၀၀၈)ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေမှ တိုက်ခန်း၏ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့တစ်ဝက်ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်းပြီး၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ပိုင်ထူး LL.B**
**အထက်တန်းရှေ့နေ (စဥ်-၄၉၅၉၇)**
**ရုံးခန်း-အမှတ်(၅၇)၊ အခန်း (၀၀၄)၊ အဝေရာအိမ်ရာ(၂)၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၄၂၂၄၅၇၅၂၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက-၃)၊ ဦးပိုင်အမှတ်(၁၆)/၅၇x၅၈ကြား၊ သိပ္ပံနှင့် A လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ညွန့်သန်း [၉/မရမ(နိုင်)၀၆၂၅၂၁]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၃၃/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်အောင်စိုး[၉/ခအဇ(နိုင်)၀၁၈၀၆၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၄)၊ ဦးပိုင်အမှတ်(၉၂)/၁၀၇x၁၀၈ကြား၊ ၄၆x၄၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း/AMA-၁၀၅၇၆၀၊ [၉/အမရ(နိုင်)၀၅၉၈၂၁]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၈၅၆/ ၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မုံမုံထွန်း [၉/မထလ (နိုင်)၂၂၃၃၆၉]က တောဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ဖွံ့ဖြိုးအောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်-၃/A. လူနေရပ်ကွက်အမှတ်-ဖွံ့ဖြိုးအောင်၊ မြေကွက်အမှတ်(၇၉)၊ ဧရိယာ (၀.၁၁၀)ဧကအကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်သည် ဒေါ်ခင်မိုးမိုးအောင်[၉/မထလ(နိုင်)၂၁၆၅၉၉]အမည်ပေါက်ပြီး ၎င်းထံမှအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်မြင့်မြင့်ခင်[၁၃/ဆဆန(နိုင်)၁၄၆၄၈၀]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမိုးမင်းဆွေ** (LL.B, D.B.L) (စဥ်-၁၄၄၀၄)
**ဒေါ်ခင်မာနွယ်** (LL.B, D.B.L) (စဥ်-၁၄၂၆၂)
**ဒေါ်နန်းစုမြတ်နိုးထွဋ်** (LL.B) (စဥ်-၁၇၅၉၀)

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ချောရူပါဝင်း (L.B)** (စဥ်-၅၂၅၉၃)
**ဒေါ်အေးမြတ်သွေး (LL.B)** (စဥ်-၄၇၉၅၈)

**အထက်တန်းရှေ့နေများ**
**အမှတ်-၄၈၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၄၇)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၃ ½ x ၆၀ ) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန်လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်သီဂီညွန့် [၁၂/သလန (နိုင်) ၀၇၆၈၃၁] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြင့်ရီ** BSc,DA,HGP,R.L,DBL,DML,DIL တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၁၇၃) ဖုန်း-၀၉-၇၉၈၈၂၇၅၉၀
**ဒေါ်စိုးစိုးမြင့်** LL.B(စဥ်-၁၀၀၆၃) တရားလွှတ်တော်ရှေ့နေ ၀၉-၄၂၁၀၃၅၉၆၃
**ဦးသိန်းညွန့်** B.A,HGP,R.L,DBL,DML,DIL တရားလွှတ်တော်ရှေ့နေ(စဥ်-၃၅၆၁) ၀၉- ၅၀၅၃၁၀၇

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်-၃၁၄၊ ဦးသန်းဌေး (၁၂/လမတ (နိုင်) ၀၁၂၄၃၅) အမည်ပေါက် ပါမစ်မြေ၊ ဧရိယာ (အလျား ၄၀ ပေ x အနံ ၆၀ ပေ) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်လက်ဝယ်တည်ရှိပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်သန်းမြင့်** (ဘ) ဦးခင်စိန် (၁၂/မရက (နိုင်) ၁၂၀ရ၁၀) ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အိမ်မြေရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်မြေဝယ်ယူခြင်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါ အိမ်မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမိုးဇော်ဦး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဥ်-၈၉၈၅/၁၃)
**ဦးလင်းထိန်ဖန်း (LL.B)** (စဥ်-၅၅၁၇၇/၂၂)
**ဒေါ်နန်းအေးသစ်သစ်ဟန် (LL.B)** (စဥ်-၅၅၇၁၉/၂၃)

**အထက်တန်းရှေ့နေများ**
အမှတ်-၂၂၇၊ အခန်း (၆)၊ ပထမထပ်၊ MTM Group Condominium ၊ ဆိပ်ကမ်းသာလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၉-၇၉၈၆၀၂၆၄၆၊ ၀၉-၂၅၄၂၀၁၂၁၂၊ ၀၉-၇၃၀၇၁၄၄၇

## အများသိရှိနိုင်ရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတောင်ကျီကုန်းရပ်ကွက်၊ ကွင်းအမှတ်(၅၁၆/က)၊ ဦးပိုင်အမှတ်(၁၅၄)ပေါ်ရှိ ဧရိယာ (၂.၄၂)ဧကရှိ ဦးသိန်းအမည်ဖြင့် လူနေထိုင်ခွင့်ကျထားသော မြေကွက်နှင့်ပတ်သက်၍ ဦးဝင်းစန်းထွန်း[၉/ရမသ(နိုင်)၀၈၇၉၂၅]သို့ ကျွန်တော် ဦးအုန်းသွင် မှ အထွေထွေကိုယ်စားလှယ်စာလွှဲအပ်ခြင်း၊ ကတိစာချုပ်ချုပ်ဆိုခြင်း၊ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ စီမံခန့်ခွဲပိုင်ခွင့်ပေးအပ်ထားခြင်းလုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုန်းသွင်[၆/မမန(နိုင်)၂၀၂၅၅၇]**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မိုးမြင့်(အဖ) ဦးဉာဏ်မြင့်မောင် နိုင်ငံသားအမှတ်[၅/ရဘန(နိုင်)၀၃၇၇၄၂] ကိုင်ဆောင်သူနှင့် ဒေါ်ခင်သန္တာဦး(အဖ) ဦးတင်ဦး နိုင်ငံသားအမှတ် [၁၂/သဃက(နိုင်)၁၄၀၅၈၉] ကိုင်ဆောင်သူတို့သည်(၂၅-၅-၁၉၉၇)နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီလက်ထပ်ခဲ့ပြီး ယနေ့အချိန်ထိ တရားဝင်ပေါင်းသင်းနေထိုင်လျက်ရှိသော အကြင်လင်မယားများဖြစ်ကြပြီး (၃-၆-၂၀၀၄) ခုနှစ်နေ့တွင် သမီး(၁)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် စင်ကာပူနိုင်ငံတွင် ယနေ့တိုင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ၎င်းရရှိသော လုပ်အားခ ဝင်ငွေများမှ -

၁။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၆၆)၏ (၃)လွှာ(ဝဲဘက်) ခေါင်းရင်းဘက်အခြမ်းရှိ တိုက်ခန်း(၁)ခန်း။

၂။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ကျီစုအရှေ့ကျေးရွာ၊ ကံ့ကော်လမ်း၊ အကျယ်အဝန်းပေ (၃၇/၄၄x၆၀)ရှိ အိမ်နှင့်မြေ

၃။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၀)၊ မြေကွက်အမှတ်(၁၂၁)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ပါမစ်မြေနှင့်အိမ်။

၄။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ရွာ၊ အလျား(၅၀)ပေxအနံ(၉၀)ပေရှိ မြေကို ပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ဇနီးဖြစ်သူ ဒေါ်ခင်သန္တာဦးမှ ဖြစ်စေ၊ တခြားလူပုဂ္ဂိုလ်တစ်ဦးဦးမှ ဖြစ်စေ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းများ ပြုလုပ်ထားပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ ကိစ္စရပ်များအား ပြုလုပ်ထားပါကလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေနှင့်တကွ ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဝင်များအား၊ Ei Chaw နာမည်ဖြင့် Facebook စာမျက်နှာ လူမှုကွန်ရက်မှ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် တိုက်ခိုက်ရေးသားခဲ့ခြင်းများအားလည်း တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန်းမြင့် B.A (Law ), LL.B** (စဥ်-၁၅၄၉) ဖုန်း- ၀၉-၅၁၂၄၈၆၈
**ဒေါ်မေစပယ်ဝင်း (LL.B)** (စဥ်-၁၄၅၉၇) ဖုန်း- ၀၉-၉၅၀၄၄၈၇၃၇

**တရားလွှတ်တော်ရှေ့နေများ**
**ခြံအမှတ်(၁၈)၊ ရောဝတီလမ်းသွယ် (၃)၊ TOSTA "B" Avenue ၊ (၆၆)-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျောက်တံတားခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၆)
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးအောင်) နှင့်

၁။ ဦးဝင်းထိုက်
၂။ ဒေါ်ခင်ဝင်းရွှေ
၃။ ဦးသန်းထိုက်ဇော်
၄။ ဒေါ်ခင်မြတ်မြတ်ရွှေ
၅။ ဒေါ်မေသူသူခိုင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၄၁)နေ တရားပြိုင်များဖြစ်သည့် (၁)ဦးဝင်းထိုက်၊ (၂)ဒေါ်ခင်ဝင်းရွှေ၊ (၃)ဦးသန်းထိုက်ဇော်၊ (၄)ဒေါ်ခင်မြတ်မြတ်ရွှေ နှင့် (၅)ဒေါ်မေသူသူခိုင် (လိပ်စာတူ) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၆)၊ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးအောင်)က တရားလိုဘက်နှင့်တရားပြိုင်တို့ချုပ်ဆိုခဲ့သော ဩဒီမန်စာချုပ် ကိုလိုက်နာရန်ပျက်ကွက်ခဲ့သည့်အတွက် ချေးငွေအရင်းနှင့်အတိုးအတွက်ကျပ်(၂၅၁၃၉၅၀၆.၀၃)ကို ပေးအပ်ခြင်းမရှိသည့်အတွက် အတိုးနှင့်တကွကြွေးကျန်ငွေများကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ( ၃ ) ရက်နေ့ (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅ ရက်) နေ့ မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၀၃)၊ လူနေအခေါ် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာ(၇)လမ်း၊ အမှတ်(၁၀၃)ဟု ခေါ်တွင်သည့် အလျား(၁၀) ပေxအနံ(၆၀)ပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ သွပ်ကာ၊ သမံတလင်းခင်းနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်သူ ဦးလင်းဇော် [၁၄/မအပ(နိုင်)၃၇၉၇၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်အေး(N/OKA-၀၇၈၁၃၄)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၂၃၅၄၁၀၊ ၀၉-၉၇၄၆၀၀၈၉၉**

## အများသိစေရန်ကြေညာခြင်း

ပြည်မြို့၊ ဆင်စုရပ်ကွက်၊ တီကျစ်ဆုံလမ်း၊ အမှတ်(၄၀၉)နေ ဦးအောင်မြင့်ဌေး(ကွယ်လွန်)နှင့် ဒေါ်သီတာထွန်း [၇/ပမန(နိုင်)၀၃၄၉၂၆]တို့၏ သားဖြစ်သူ မောင်နေလင်းထက်အောင် [၇/ပမန(နိုင်)၁၅၉၆၇၅] ခေတ္တ-စင်ကာပူနိုင်ငံသည် မိဘ၏ဆိုဆုံးမမှုများကို မနာခံသည့်အပြင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်းပြီးဖြစ်သည့် ဇနီးဖြစ်သူနှင့် သမီးငယ်တို့အပေါ် တာဝန်မကျေပွန်မှုများလည်းရှိပြီး မိဘများမခွင့်လွှတ်နိုင်သည့်လုပ်ရပ်များနှင့် ဂုဏ်သိက္ခာကျဆင်းစေမည့် အပြုအမူများကို အကြိမ်ကြိမ်အခါခါပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမှ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိဘ၊ မိသားစုများနှင့်ပတ်သက်မှုလည်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်သီတာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သဇင်ထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၄၃၃) ဖုန်း-၀၉-၄၅၀၃၀၀၄၀၀
**ဦးစိုးသူ(LL.B)** အထက်တန်းရှေ့နေ (စဥ်-၅၅၂၅၀) ဖုန်း-၀၉-၇၈၅၀၉၆၄၃၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၉၆၈/ခ)၊ ဧရိယာ(၀.၀၂၇)ဧက၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၆၈/ခ)၊ ဓမ္မရာဇာလမ်း(၃၀)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငြိမ်းမြတ်နွယ် [၁၂/အလန(နိုင်)၀၄၄၉၁၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ဇင်မာထွေး[၁၁/ပတန(နိုင်)၀၇၅၆၄၈]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ဇင်မာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်သိန်း(LL.B)** တရားလွှတ်တော်ရှေ့နေ(စဥ်-၃၄၃၂) ဖုန်း-၀၉-၅၄၀၁၉၄၀
**ဒေါ်မေမီလှိုင် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ(စဥ်-၉၇၆၅) ဖုန်း-၀၉-၄၂၈၂၇၃၁၃

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၈၀)ဟုခေါ်တွင်သည့် ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်း၊ အမှတ်(၈၀)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနတွင် ဦးထင်ပိုင် (LMDW ၀၀၆၂၈၆) မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း နှင့် တရားဝင်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်ကျော်အောင် [၁၃/လရန (နိုင်)၀၈၄၃၈၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လှသူ [၁၃/လရန (နိုင်) ၂၁၇၄၆၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၃)**
**အမှတ် - ၆၂ (ပထမထပ်)၊ အခန်းအမှတ် - ၉၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၃၇ လမ်း၊ မအူကုန်းရပ်၊ တိုက်-(၃၁)တွင်နေထိုင်သော ဦးစိုးမိုးဝင်း [၅/တမန(နိုင်)၀၃၅၀၅၈]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

**စာချုပ်အမှတ် - ၈၄၉၀ /၂၀၂၃**
**(နေ့စွဲ-၂၅-၉-၂၀၂၃)**

**စာချုပ်အမှတ် - ၈၄၈၉ /၂၀၂၃**
**(နေ့စွဲ-၂၅-၉-၂၀၂၃)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် အမျိုးသမီးဝတ်စကပ်အမျိုးမျိုး၊ ဂါဝန်အမျိုးမျိုး၊ ရှပ်အင်္ကျီလက်ရှည်/လက်တို၊ ဝမ်းဆက်ထည်များ၊ ဘောင်းဘီတို/ဘောင်းဘီရှည်အမျိုးမျိုးတို့ကို ချည်၊ စပန့်၊ ပိုးချည်၊ ချည်ဖွန်ပိတ်သားများဖြင့် မိမိကိုယ်တိုင် ဖန်တီးချုပ်လုပ်၍ ကိုယ်ပိုင်အမှတ်တံဆိပ်အနေဖြင့် လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ Online မှ ဖြစ်စေ ရောင်းချပေးခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်တုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်းမြင်တုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးမိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၃၇)**
**ဒေါ်ခိုင်ဆုဝေ (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၂၀၆၅ )**
**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ မြေကွက်အမှတ်(၂၈၈)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ခင်မမကြီး [၁၂/ဥကတ(နိုင်)၀၁၆၆၅၄]အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ ခြေရင်းခြမ်းဖြစ်ပြီး မြေကွက်အမှတ်(၂၈၇)နှင့် ကပ်လျက်ဖြစ်သော (၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်သူမှ အရှုပ်အရှင်းကင်းရှင်းပါသဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂--ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ် (၁၀၆၀/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၆၀/က)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွားမောင်(စီအယ်လ်- ၀၁၀၇၆၆) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးထွားမောင်(ဖခင်/အဖိုး) နှင့် ဒေါ်လှကြည် (မိခင်/အဖွား)တို့ကွယ်လွန်သဖြင့် မွေးဖွား သားသမီး(၅)ဦးအနက်သားတစ်ဦးဖြစ်သူ ဦးရွှေမြင့်သည် မိခင်ထက်စော၍ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် အမွေမမီမြေးဖြစ်သော ဦးနိုင်နိုင် [၁၂/ဥကတ(နိုင်) ၁၄၇၂၇၀]မှလည်းကောင်း၊ ထပ်မံ၍သားတစ်ဦးဖြစ်သူ ဦးတင်စန်းသည် ဖခင်ထက်စော၍ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက်အမွေမမီမြေးများဖြစ်ကြသော ဦးမြတ်ကိုကို[၁၂/ဥကတ(နိုင်)၁၈၁၀၄၅]မှ လည်းကောင်း ပါဝင်ပြီး ကျန်ရှိသား/သမီးများဖြစ်ကြသော ဒေါ်သန်းသန်းဝင်း[၁၂/ဥကတ (နိုင်)၀၃၃၄၉၇]၊ ဦးရွှေဝင်း[၁၂/ဥကတ(နိုင်)၀၃၃၅၁၁]၊ ဦးဝင်းစိုးနိုင် [၁၂/ဥကတ(နိုင်)၀၁၃၃၆၅](S/OKA-၁၁၀၀၂၅) တို့မှပူးတွဲ၍ သား/သမီးများနှင့် မြေးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍(ပိုင်ဆိုင် + အရောင်း) မြေပုံကူးလျှောက်ထားလာမှု အပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဗ-၂)၊ ဦးပိုင်အမှတ် (၂၅+၂၆)၊ ၅၈လမ်း၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးမိုးခိုင် [၁၂/မဂဒ(နိုင်) ၁၁၉၉၇၀]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၈၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်မင်းသူ [၁/မညန(နိုင်)၀၀၂၁၀၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀ အပေါ်ဘလောက်၊ အမှတ်(၂၈၃)တွင် နေထိုင်သော ဦးပြည့်ဖြိုးကျော် [၁၂/ကတတ (နိုင်) ၀၂၉၆၉၈]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်-

**စာချုပ်အမှတ် - ၈၄၈၈ /၂၀၂၃ (နေ့စွဲ-၂-၁၀-၂၀၂၃)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Gems & Jewellery ဆိုင်များ၊ နိုင်ငံတကာအဆင့်မီ GIA စိန်ထည်အမျိုးမျိုး၊ အရည်အသွေးမြင့် ကျောက်ထည်/ စိန်ထည်အမျိုးမျိုး၊ ရွှေ ပလက်တီနမ်၊ ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲအစရှိသည့် လက်ဝတ်ရတနာထည်များအား ဖန်တီးရောင်းချသည့်ဆိုင်များဖွင့်လှစ်ခြင်း၊ Social Media များ/Online တို့မှ လက်လီ/လက်ကား ရောင်းချခြင်း လုပ်ငန်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဝန်ခံပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်တုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ ဆိုင်ခွဲများဖွင့်လှစ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုးမပြုလုပ် မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်းမြင်တုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးကျော် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၇)**
**ဒေါ်ယွန်းမြတ်သွယ် (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၅၇၈၁)**
**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ် ၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သစ္စာလမ်း၊ တိုက်အမှတ်(၃၀)၊ ပထမထပ် ရှိ ပေ ( ၂၃ × ၅၀ ) ပေ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်အေးအေးမြင့်(၁၂/အစန(နိုင်)၀၃၁၁၂၅) ကိုင်ဆောင်သူထံမှ အပြီးအပြတ် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဆွေဇင်ဦး(၇/တငန(နိုင်)၁၅၈၀၄၁) ကိုင်ဆောင်သူက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်း(၁)ခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆွေဇင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ
**ဦးပြည့်ထူးခန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၀၈)**
အမှတ်(၁၇၀၃-က)၊ ပြည်လုံးမွေးလမ်း၊ ပန်းခြံ(၂၄)၊ (ဏ/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၂၅၃၅၇၇၃၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၄၇-၃၉/၂ဘီ-၂၊ ဧရိယာ ၀.၀၄၇ဧက မြေကွက်တည်နေရာအမှတ်(၄၂အေ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒုဗိုလ်မှူးကြီးမောင်သောင်း(MMA-၀၄၄၇၃၉) အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဦးသောင်းသည် (၁၁-၉-၁၉၈၈)ရက်တွင်လည်းကောင်း၊ ဒေါ်ခင်သက်(မိခင်)သည် (၂၃-၁၁-၁၉၈၈)ရက်တွင်လည်းကောင်း၊ ကွယ်လွန်ခဲ့သဖြင့် ဒေါ်ချိုချိုသောင်း၊ ဦးသောင်းကိုကိုနှင့် ဦးသောင်းမောင်မောင်တို့သား၊ သမီး(၃)ဦးသာကျန်ရှိပြီး ဦးသောင်းမောင်မောင်သည် (၁-၁၀-၁၉၉၇)ရက်တွင် လူပျိုကြီးဘဝဖြင့် ကိတ္တိမသား သမီးများလည်း မွေးစားထားခြင်းမရှိဘဲ ကွယ်လွန်သွားခဲ့ကြောင်း ၎င်း၏ပိုင်ဆိုင်အစုအား ကျန်ရစ်သူမွေးချင်း အစ်မ၊ အစ်ကိုမှ သာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ် (၁၄၂၂/၇-၉-၂၀၂၃)ထပ်ဆင့် ကျမ်းကျိန်လွှာ (၂)စောင်၊ ဧရိယာ(၀.၁၅၀)ဧကဖြင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်(၂၉၉/၁၀-၃-၁၉၇၅)(မိတ္တူမှန်)အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွက်ဟကြေညာစာချုပ်အမှတ် (၁၅၁၇/၂၀-၉-၁၉၉၄)ဦးသောင်းမောင်မောင်၏ သေစာရင်းသွင်းမိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို တင်ပြ၍ ဒေါ်ချိုချိုသောင်း[၁၂/ဗဟန(နိုင်)၀၅၀၂၃၅]၊ ဦးသောင်းကိုကို[၁၂/ဗဟန(နိုင်)၀၅၂၀၇၈]တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံး Money Changer ဖွင့်လှစ်ရန်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် နိုင်ငံခြားဘုရားဖူးလာရောက်သူများမှ ကျပ်ငွေဖြင့် လဲလှယ်နိုင်ရန်အတွက် ရင်ပြင်တော်တစ်နေရာတွင် Money Changer Counter ထားရှိလိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသည့် ဘဏ်များအနေဖြင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့ရုံးသို့ (၁၅-၁၁-၂၀၂၃)ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(ဏ/၁၄)၊ အောင်သုခလမ်း၊ အမှတ်(၂၀၄၉)၊ အကျယ်ပေ(၄၀x၆၀)ရှိဦးဟုတ်လှိုင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်၏ ခြေရင်းခြမ်း အကျယ်ပေ (၂၀x ၆၀)ရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ လိပ်စာရှိမြေကွက်အား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သန်းသန်းထွေး [၉/ကပတ(နိုင်) ၁၄၈၂၁၁] ကိုင်ဆောင်သူတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုနိုင် [၁၄/ဘကလ(နိုင်)၂၃၃၀၄၆]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇) ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဘိုနိုင်**
**[၁၄/ဘကလ(နိုင်)၂၃၃၀၄၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသန္တာစိုး( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)**
**အမှတ်-၂၀၄(က)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက် ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၂၀၄၆၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ် (၅၈၈/ခ) မြေကွက်တည်နေရာအမှတ်(၅၈၈/ခ)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသာဒင်(ခ)ဦးသာအောင်[၁၂/ရကန(နိုင်)၀၃၆၅၉၈]၊ ဦးဝေယု[၁၂/တမန(နိုင်)၀၀၂၉၉၉] အမည်ပေါက်နှစ် (၆၀) မြေငှားဂရန် အမည်ပေါက် ဦးသာဒင်(ခ)ဦးသာအောင်၊ ဦးဝေယုတို့ (၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသာဒင်(ခ)ဦးသာအောင်(ဖခင်)နှင့် ဒေါ်စိန်ညို(မိခင်)တို့ ကွယ်လွန်သဖြင့် သား/သမီးများ ဖြစ်ကြသော ဒေါ်မြင့်မြင့်စိန် [၁၂/ဗဟန(နိုင်)၀၄၇၁၉၆]၊ ဒေါ်စိန်မြင့် [၁၂/ရကန(နိုင်)၀၃၅၅၄၂]၊ ဦးဝေယု[၁၂/တမန(နိုင်)၀၀၂၉၉၉]၊ ဒေါ်ယုယုဆွေ [၁၂/တမန(နိုင်)၀၀၃၀၀၀]၊ ဒေါ်စောတင်ဝင်း [၁၂/ရကန(နိုင်)၀၃၆၅၅၆]တို့မှသား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ GP စာချုပ်၊ ပါဝါကျမ်းကျိန်၊ ဝန်ဆောင်ခတို့တင်ပြ၍(ပိုင်ဆိုင်+စွန့်လွှတ်)မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးခင်မောင်ဝင်း (၁၂/သကတ (နိုင်) ၀၄၄၀၄၁) နှင့် ဒေါ်စန်းစန်းအေး (၁၂/သကတ (နိုင်) ၀၃၀၄၃၆) တို့ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သိမ်ကျောင်းရွာမကျေးရွာ၊ ကွင်းအမှတ်-၄၅၀၊ ကွင်းအမည် - ထိန်ပင်၊ ဦးပိုင်အမှတ်-၁/၁၊ ဧရိယာ (၁၁.၅၁) ဧကရှိ လယ်မြေအား ဦးမောင်မောင်မြင့် (၁၂/လကန (နိုင်) ၀၀၈၀၃၉) က ဦးမျိုးဝင်း (၁၂/သဃက (နိုင်) ၁၃၂၆၇၉) သို့ လွှဲပြောင်းရောင်းချရန် သဘောတူညီပြီး (၂၁-၁၂-၂၀၂၁) ရက်စွဲပါ စရံပေးကတိစာချုပ် ချုပ်ဆို၍ စရံငွေ (ပစ္စည်းတန်ဖိုးကြိုတင်ပေးငွေ) တစ်စိတ်တစ်ဒေသကို ဦးမောင်မောင်မြင့်က ဦးမျိုးဝင်းထံမှ ရယူခဲ့ကြောင်း ညွှန်ကြားချက်ရ သိရှိရပါသည်။

အထက်ဖော်ပြပါ လယ်မြေနှင့်စပ်လျဉ်း၍ အပြီးသတ်အရောင်းအဝယ်စာချုပ်ကို ဝယ်ယူသူ ဦးမျိုးဝင်းနှင့် ချုပ်ဆိုရေးအတွက် လိုအပ်သည့် စာရွက်စာတမ်းများ ရရှိအောင် ဦးမောင်မောင်မြင့်က ဦးခင်မောင်ဝင်း (၁၂/သကတ (နိုင်) ၀၄၄၀၄၁)၊ ဒေါ်စန်းစန်းအေး (၁၂/သကတ (နိုင်) ၀၃၀၄၃၆) တို့အား အကျိုးခံစားခွင့်ပေး၍ ဆောင်ရွက်စေခဲ့ကြောင်းကိုလည်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ထိုကိစ္စအတွက် ဦးခင်မောင်ဝင်း၊ ဒေါ်စန်းစန်းအေးတို့နှင့် ဦးမောင်မောင်မြင့်က (၂၉-၃-၂၀၂၂) ရက်စွဲပါ လုပ်ငန်းအကျိုးခံစားခွင့် ခွဲဝေခြင်းဆိုင်ရာ ဝန်ခံကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရှိရပါသည်။

ဦးခင်မောင်ဝင်း၊ ဒေါ်စန်းစန်းအေးနှင့် ဦးမောင်မောင်မြင့်တို့ အထက်ဖော်ပြပါ ကိစ္စဆောင်ရွက်ရေးအတွက် ဦးမောင်မောင်မြင့်နှင့် ဦးခင်မောင်ဝင်းတို့အား ဆက်သွယ်ဆောင်ရွက်ပေးခဲ့သူမှာ ဦးစန်းအောင် (TKA-၀၉၂၅၃၁) ဖြစ်ကြောင်း၊ သိရှိရပြီး (၂၉-၃-၂၀၂၂) ရက်စွဲပါ စာချုပ်တွင် ဦးစန်းအောင်ကိုယ်တိုင်က သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်းကိုလည်း သိရှိရပါသည်။

သို့သော် ဦးခင်မောင်ဝင်း၊ ဒေါ်စန်းစန်းအေးတို့က ယခုအချိန်ထိ အထက်ဖော်ပြပါ လယ်မြေနှင့် စပ်လျဉ်း၍ စာရွက်စာတမ်းများ ရရှိအောင် ဆောင်ရွက်ပေးခြင်းမရှိသဖြင့် (၂၉-၃-၂၀၂၂) ရက်စွဲပါ ကတိစာချုပ်ကို ဦးမောင်မောင်မြင့်မှ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်မောင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသိန်းထိုက် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း လက်အောက်ရှိ ချည်ထုတ်လုပ်သည့် အောက်ဖော်ပြပါစက်ရုံများမှ ၁/၇ စီချည်၊ ၁/၄၀စီချည်၊ ၂/၈၀ ဘီးဖြီးချည်၊ တင်ဒါအမှတ်စဉ် (၁၁/၂၀၂၃-၂၀၂၄)ဖြင့် ရောင်းချလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

**စဉ် စက်ရုံအမည်**

(က) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)
( ခ ) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း)
( ဂ ) အမှတ်(၄)အထည်စက်ရုံ (ပွင့်ဖြူ)
(ဃ) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)
( င ) အမှတ်(၇)အထည်စက်ရုံ (မြစ်သား)
( စ ) အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၆-၁၀-၂၀၂၃(ကြာသပတေးနေ့)
တင်ဒါပိတ်ရက် - ၈-၁၁-၂၀၂၃(ဗုဒ္ဓဟူးနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။ ၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇- ၄၀၈၃၆၂

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၆၀၁/၆၀၃) ၊ ဒုတိယထပ် (ဝဲ) နေ (ဘ) ဦးတင်အုံး (ခ) ဦးဟင်းနား၏သားဖြစ်သူ ဦးညိမ်းမောင် (၁၂/ပဘတ (နိုင်) ၀၁၅၄၃၄ ) ကိုင်ဆောင်သူသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်- ၈၇၈၄/၂၀၂၃ (၅-၁၀-၂၀၂၃) ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

M BAKERY M Bakery BREAD & CAKES

အထက်တွင်ကပ်နှိပ်ဖော်ပြထားသည့် **M Bakery BREAD & CAKES** ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ပဲပေါင်မုန့်၊ အုန်းသီးပေါင်မုန့်၊ ယိုပေါင်မုန့်၊ ကရင်မ်ပေါင်မုန့်၊ ချောကလက်ပေါင်မုန့်စသည့် ပေါင်မုန့်အမျိုးမျိုးနှင့် ပဲကိတ်၊ အီးလိုးကိတ်၊ ပလိန်းကိတ်၊ ချောကလက်ကိတ်စသည့်ကိတ်မုန့်အမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ကောင်းမွန်သောဂုဏ်သတင်းဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးညိမ်းမောင်က ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှတ်ပုံတင်သွင်းထားသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့် လည်းကောင်း၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မည်သူမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ အသုံးပြုကြောင်းတွေ့ရှိရပါက တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသက်နိုင်ဦး (LL.B, LL.M, MRes (Law), D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)
အမှတ်- ၁၅၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊
ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ ၉၇၅၀၂၁၈၄၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊ မြေကွက်အမှတ်၈၆၇/ခ၊ မြေကွက်တည်နေရာအမှတ်(၈၆၇/ခ)၊ သီရိဇေယျာ(၂၀/က)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်စန္ဒာဦး(၁၂/ဗဟန်(နိုင်)၀၇၅၃၅၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်စန္ဒာဦးမှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဝ၆၊ ဝန်ဆောင်နှင့်(၂၀၁၅) ခုနှစ်အရောင်းမြေပုံကူး ထုတ်ယူခဲ့ခြင်းနှင့်ပတ်သက်၍အရောင်းမြေပုံ မြေရာဇဝင် မူရင်းမှာ အသုံးပြုခဲ့ရခြင်း လုံးဝမရှိဘဲ အထာအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်းနှင့်မည်သည့်အရောင်းအဝယ်စာချုပ်ကိုမှုပြုလုပ်ချုပ်ဆိုခဲ့ခြင်းလုံးဝမရှိပါကြောင်းဝန်ခံကတိပြုကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက် အမှတ် (၁၀၂၉/က)၊ မြေကွက် တည်နေရာအမှတ်(၁၀၂၉/က)၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သန်းရွှေ [၁၂/ဥကတ(နိုင်) ၀၀၇၀၅၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဒေါ်သန်းရွှေ (မိခင်)နှင့် ဦးသိန်းရွှေ (ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြခင် [၁၂/ဥကတ(နိုင်) ၀၄၇၀၂၀]၊ ဒေါ်စောကြည် [၁၂/ဥကတ(နိုင်) ၀၄၇၆၁၅]၊ ဒေါ်နုနုရွှေ [၁၂/ဥကတ(နိုင်)၀၇၀၃၀၂]၊ ဒေါ်ရီရီချို[၁၂/ဥကတ(နိုင်)၀၄၇၀၁၁]၊ ဒေါ်မာမာချို [၁၂/ရကန(နိုင်)၀၀၀၀၃၆]တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင် + အရောင်း) မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## SA Marine Myanmar Company Limited

**(Incorporated in the Republic of the Union of Myanmar)**
**(Company Registration No. 112289968)**
**Notice of Special Resolution For Members' Voluntary Winding-up Pursuant to Section 147 (a)(ii) and Section 152 (a) of the Insolvency Law and Claim Notice**

1. At the Special General Meeting of the Company held on 26-10-2023 at No. 708, New University Avenue Condo A, Tekathoyeikmon Housing, Bahan Township, Yangon, Myanmar a Special Resolution was passed to place the Company into Members' Voluntary Winding Up under Section 147 (a)(ii) of the Insolvency Law 2020 and Daw Mya Thwet B. Com, CPA, DAT, ACPA, (MAIP Membership number 00149) has been appointed as liquidator of the Company under Section 152(a) of the Insolvency Law 2020.
2. Claim Notice is also hereby issued by liquidator that all persons who are claiming to be creditors of the Company are required to submit their claims together with the detail evidence of the debts and the claims after the 27-11-2023 will not be considered for the benefit as creditors.

| | |
|---|---|
| **Mr. Yoshimasa Shigeoka** | **Daw Mya Thwet** |
| **Director** | **Liquidator** |
| **SA Marine Myanmar Company Limited** | **Room No. A-303, Shu Khin Thar Road, North Dagon Township, Yangon, Myanmar** |

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက် အမှတ်(၁၁၂)၊ ဦးပိုင်အမှတ် (၃၆-ခ)၊ ၂၁x၂၂ ကြား၊ ၈၉x၉၀ လမ်းကြားရှိ ဒေါ်နွဲ့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၆၇/၂၀၁၄) ဖြင့် အမွေဆက်ခံခဲ့သည့် ဦးအုံးသောင်[၁/မကန(နိုင်)၀၃၈၅၀၅]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၄၅၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသည့် ဦးထွန်းစန်းဦး[၅/ငဇန(နိုင်)၀၆၅၁၃၉]က တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉/၄၀)၊ ငုဝါ(၅)လမ်း၊ မြေကွက်အမှတ်(၁၂၂၄/က)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၀'x ၆၀') (၁၂၀၀)စတုရန်းပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်ဖြိုးဝေ[၁၄/ပသန(နိုင်) ၀၀၅၉၂၀]က စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်မင်း [၁၄/ကခန(နိုင်)၀၂၅၈၀၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံတိကျသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝန်နီလှိုင် တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၃၈/၁၃)**
**LL.B, D.M.L, D.I.L, D.I.R, B.D.S (MOFA)**
**အမှတ်(၄၅/၆၁၂)၊ ပေါ်တော်မူ(၃)လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**Ph:09-422470665, 09-794969226**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )**
**ဗိုလ်တထောင်ခရိုင်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှု အမှတ် - ၁၆၁**

| | | |
|---|---|---|
| Myanmar Moe Pyae Co.,Ltd (၎င်း၏တာဝန်ပေးခြင်းခံရသူ ဦးရဲရင့်ထွန်း) (တရားလို) | နှင့် | Indo Sino Trade Pte Co.,Ltd (Yangon Branch) (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ Block-A၊ မဟာနဝရတ်ကွန်ဒို၊ အခန်းအမှတ်-၁၁၀၉(၁၁-လွှာ)နေ တရားပြိုင် Indo Sino Trade Pte Co.,Ltd (Yangon Branch) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဆန်ဖိုးငွေ အမေရိကန်ဒေါ်လာ (၂၉၂,၅၀၀) နှင့် နစ်နာကြေး အမေရိကန်ဒေါ်လာ (၃၀,၀၀၀)၊ စုစုပေါင်း အမေရိကန်ဒေါ်လာ (၃၂၂,၅၀၀) နှင့်ညီမျှသော ကာလတန်ဖိုးဖြစ်သည့် မြန်မာကျပ်ငွေ (၆၇၇,၂၅၀,၀၀၀/-) (ကျပ်ခြောက်ထောင့်ခုနစ်ရာခုနစ်ဆယ့်နှစ်သိန်းငါးသောင်းတိတိ)ရလိုမှု " လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်၊ ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ( ၂၅ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၂၇-၁၀-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ချင်းတိုင်းရင်းသားတို့၏ MQT Music Band တေးဂီတအဖွဲ့နှင့်အတူ ချင်းတိုင်းရင်းသား /သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် "အောက်ချင်းငှက် တေးသံသာ" ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၇-၁၀-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"အောက်ချင်းငှက် တေးသံသာ" ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | Meitei Guun (မဏိပူရမြစ် ခမ်းခြောက်သည့်တိုင် ချစ်မည်) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၂။ | Iang Nei Lairam (ညှို့နိုင်လွန်းသည့် ချင်းပြည်) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၃။ | ချယ်ရီ | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၄။ | ခြောက်ကပ်နေ | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၅။ | Ahlan Ih (အရင်က) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၆။ | တောင်ပေါ်လမ်းဟောင်းလေး | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၇။ | Zilthli Thiang Lennak (လေပြေလေညှင်းတိုက်ခတ်ရာ) | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၈။ | ချစ်သောချင်းမလေ့မြေ | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၉။ | တောင်ပေါ်မြို့လေး | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၁၀။ | ချစ်တဲ့ချင်းပြည် | ချင်းတိုင်းရင်းသူအဆိုရှင် |

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| (၁) | ၁၉၅/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း** ရန်ကုန်-ပဲခူးအပိုင်း (CP101) ရွာသာကြီးဘူတာ Fire Fighting System, Landscaping လုပ်ငန်း၊ Bio Septic Tank နှင့် အခြားဆက်စပ်လုပ်ငန်းများ |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂၈ . ၁၁ . ၂၀၂၃ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၂၇ .၁၀. ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

★STAR★
ဒုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက် အမှတ်-၂၇၉၊ ဦးပိုင်အမှတ်(၁၃)၊ ၃၈x၃၉ကြား၊ ၈၆x၈၈လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဂေါ်လိုင်ပိုး(ခ)ကိုမြင့်[၁၃/လလန(နိုင်)၀၃၁၂၈၃၊ CA-၀၂၉၄၄၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၁၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစန်းဦး [၈/ပခက(နိုင်)၁၇၇၅၈၁]က ဘိုးဘအမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဒ-၄)၊ ဦးပိုင်အမှတ်(၁၀၁)၊ ၆၂x၆၃ ကြား၊ ၃၆x၃၇ လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ချိုချိုမာ[၉/မရတ(နိုင်)၀၀၅၉၇၅]၊ ဒေါ်အေးမြစိုး [၉/မဟမ(နိုင်)၀၃၄၁၈၇] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၄/၂၊ ဦးပိုင်အမှတ်(ယခု-၁၇၄၊ ယခင်-က-၁၇၄)တောင်ဘက်ခြမ်း၊ ခဲစင်း/၅၈ လမ်း၊ ၃၂ Ax၃၂B ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်/AE-၂၀၉၈၇၉၊ [၉/ပသက(နိုင်)၀၀၉၃၈၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၇၈၀/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်တိုး [၅/ရဥန(နိုင်)၀၅၄၉၂၁]က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၇၈၂)၊ ဦးပိုင်အမှတ်(၁-တ)၊ ၆၉x၇၀ကြား၊ ၂၇x၂၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ကွေဟွ(ခ)ဒေါ်မြရီ [၁၃/ကမန(ဧည့်)၀၀၀၃၃၉]က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်...**

❖ **လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကိုအဓိက တည်ဆောက်ကြရ...**

❖ **နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေး တိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေ...**

❖ **ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အပြန်အလှန် ပေးအပ်**

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုကဏ္ဍနှင့် ပညာရေးကဏ္ဍ အပါအဝင် ဆောင်ရွက်ဆဲ

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov အား လက်ခံတွေ့ဆုံစဉ်။

## MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲပြန်လည်ရရှိ



**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) ပထမနေ့ကို အောက်တိုဘာ ၂၆ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ချန်ပီယံဆု လက်ကျန်မျှော်လင့်ချက်အတွက် ကြိုးပမ်းခဲ့ပြီး ဒုတိယပိုင်းတွင် သွင်းယူသည့် အနိုင်ဂိုးဖြင့် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်ကို

**စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❖**

### ယနေ့ ဖတ်စရာ

**ဒီလိုပြိုင်ပွဲတွေ ပြုလုပ်ခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သလို နိုင်ငံသူ နိုင်ငံသားတွေရဲ့ အနုပညာချစ်မြတ်နိုးမှုအပေါ်မူတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက် အင်မတန်မှအရေးကြီးတယ်လို့ ထင်ပါတယ်**

စာမျက်နှာ » ၁၃

**နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိ**

စာမျက်နှာ » ၁၇